


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | - | စာအုပ်အမှတ်စဉ် ( ၇၅ / ၂၀၂၃ ) |
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၁၅၀၀ အုပ် |
| ပုံနှိပ် | - | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

**1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**

**2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**

**3. Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ )

## မာတိကာ


| | | |
|---|---|---|
| ၁။ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃)တွင် ပြောကြားသည့်အမှာစကား | ၇ |
| ၂။ | ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား | ၁၄ |
| ၃။ | ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားသည့်အမှာစကား | ၁၇ |
| ၄။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား | ၂၀ |
| ၅။ | အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား | ၂၇ |
| ၆။ | အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်း၌ နို့စားနွား၊ အသားစား နွားနှင့် ဒေသနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား | ၃၁ |
| ၇။ | ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား | ၃၃ |
| ၈။ | မြန်မာအမျိုးသားလေကြောင်း (MNA) (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြောကြားသည့်အမှာစကား | ၃၈ |
| ၉။ | စာဆိုတော်ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲတွင် ဆွေးနွေးပြောကြားသည့်အမှာစကား | ၄၂ |
| ၁၀။ | ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားတွင်ပြောကြားသည့် အမှာစကား | ၄၄ |

၁၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးအမှတ်စဉ် (၄/၂၀၂၃)တွင် ပြောကြားသည့်အမှာစကား ၄၇

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား ၅၂

၁၃။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ဦးဆောင်သည့်အဖွဲ့အား တွေ့ဆုံ ပြောကြားသည့်အမှာစကား ၅၆


■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၄) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား

( ၁ - ၉ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၃) ကို စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူများအားလုံး ပညာတတ်များဖြစ်ရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာ တွင် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ခြောက်လသက်တမ်းတိုးပြီးချိန်တွင် အသစ်ထပ်မံဖွဲ့စည်း သည့် ကောင်စီဝင်များဖြင့် ဒုတိယအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက် နေချိန်အတွင်း နိုင်ငံတော်ကိုပုံမှန်လမ်းကြောင်းအတိုင်း ဖြစ်စေရန်နှင့် ရွေးကောက်ပွဲပြန်လည်ကျင်းပပြုလုပ်၍ ထွက်ပေါ်လာမည့်အစိုးရကို နိုင်ငံတော်တာဝန် ပြန်လည် လွှဲပြောင်းပေးနိုင်ရန်မှာ မိမိတို့၏ အဓိကတာဝန်ပင် ဖြစ်ကြောင်း၊ ယခုအခါ အရေးပေါ်အခြေအနေကာလမှာ နှစ်နှစ်ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ မိမိတို့ အနေနှင့် နိုင်ငံတော်ကိုအရေးပေါ်အခြေအနေဖြင့် တာဝန် ယူဆောင်ရွက်နေရသည်ဖြစ်သော်လည်း အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများအားလုံး တိုးတက်အောင် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းမှ ရပ်တန့်နေ၍ မရကြောင်း၊ ရပ်တန့်နေပါက ရပ်တန့်နေ သည့် နယ်ပယ်၊ ရပ်တန့်နေသည့်ဒေသသည် ကျန်ခဲ့မည် ဖြစ်ကြောင်း။

မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်မှာ စစ်မှန်စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စု တည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အသစ်ထပ်မံချမှတ်ထား သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်း စဉ် ၅ ရပ်၏ ပထမအချက်တွင် **“လွတ်လပ်ပြီး တရား မျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**

**အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်”** ဟု ချမှတ်ထားကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်ရာတွင် ဒီမိုကရေစီစနစ်၊ ဖက်ဒရယ် အုပ်ချုပ်ရေးတို့နှင့်ပတ်သက်၍ ခွဲခြား၍ရကြောင်း၊ ဖက်ဒရယ်စနစ်ကို လူမျိုးအားအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့်စနစ်ကို အဓိကထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ အတတ်ပညာများ ရှိရန်လို**ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်ရန် အမြဲမပြတ်တိုက်တွန်းအားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **ပညာရေးနှင့်ပတ်သက်၍ တိုင်းရင်းသား ပြည်သူအားလုံး စာတတ်မြောက်ရန်နှင့် အတန်းပညာများ တတ်မြောက်ရန် လို**ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကျေးလက်ဒေသများတွင် အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၃၈၇၉ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၂၁၅၅၀ ကျောင်းရှိသည်ကိုတွေ့ရှိရပြီး မြို့ပေါ်တွင် အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၆၂၆ ကျောင်း၊ မူလတန်းကျောင်းပေါင်း ၃၃၁၈ ကျောင်းရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ အချက်အလက်များအရ အလယ်တန်းကျောင်းများ၏ ကျေးလက်နှင့် မြို့ပြအချိုးမှာ ၈ အချိုး ၁ ရှိပြီး မူလတန်းကျောင်းများ၏ အချိုးမှာ ၆ ဒသမ ၅ အချိုး ၁ ရှိသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ ပျမ်းမျှ မြို့ပေါ်နေလူဦးရေမှာ ၂၈ ရာခိုင်နှုန်းခန့်ရှိပြီး ကျေးလက်နေလူဦးရေမှာ ၇၂ ရာခိုင်နှုန်းခန့်ရှိသဖြင့် ကျေးလက်နေပြည်သူမှာ များပြားကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ခေတ်အဆက်ဆက် နိုင်ငံတော် အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရကြောင်း၊ သို့သော် ကျေးလက်နေပြည်သူများ၏ စာတတ်မြောက်မှုမှာနည်းပါးပြီး မြို့ပေါ်နေပြည်သူများ၏ စာတတ်မြောက်မှုမှာ ပိုမိုများပြားသည်ကို တွေ့ရကြောင်း၊ အဓိကအားဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ကျောင်းရှိသော်လည်း ကျောင်းနေရာခိုင်နှုန်းနည်းပါးခြင်းနှင့် ပညာရေးဆုံးခန်းတိုင်အောင်သင်ကြားမှုများ နည်းပါးသည်ကိုတွေ့ရကြောင်း၊ **တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲများ၊ ပညာရေးအားပေးမှု နည်းပါးခြင်းနှင့် အခြားအခက်အခဲအမျိုးမျိုးကြောင့် အထူးသဖြင့် ပြည်နယ်များရှိ ကျေးလက်ဒေသများတွင် ပညာရေးအားနည်းသည်ကို တွေ့**ရကြောင်း၊ ထို့ကြောင့် **မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးမြှင့်တင်မှုကို မလွဲမသွေဆောင်ရွက်ပေးရမည် ဖြစ်**ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေး အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခင်က မိမိတို့နိုင်ငံတွင် “အ” သုံးလုံးသင်တန်းများကို သင်ကြားပေးခဲ့ရာ အောင်မြင်မှုများရှိခဲ့ပြီး ကမ္ဘာပေါ်တွင် စံပြပုံစံတစ်ခုအနေဖြင့် အသိအမှတ်ပြုခံရမှုများ ရရှိခဲ့ကြောင်း၊ “အ” သုံးလုံးသင်တန်းများမှ တစ်ဆင့် စာပေဖတ်ရှုမှုကို စိတ်ဝင်စားလာပြီး ၎င်းကို အခြေခံ၍ ပညာတတ်မြောက်လိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ကျောင်းပြင်ပ ပညာရေးဖြင့် မူလတန်းပညာ KG+5 အထိ သင်ကြားပေးနိုင်ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၄ ခုနှစ်တွင် လက်တွေ့ဆောင်ရွက် အောင်မြင်ခဲ့သည့် သာဓကရှိကြောင်း၊ ၎င်းမှတစ်ဆင့် KG + 9 ကို သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့၏ပညာရည်မြင့်မားရေးမျှော်မှန်းချက်တွင် အဆိုပါအချက်ကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် လိုကြောင်း။

စည်းကမ်းသတ်မှတ်ချက်များမှတစ်ဆင့် ဥပဒေများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံရှိ ပြည်သူများအားလုံးအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုသွားရာတွင် ပညာတတ်များ ဖြစ်ရန်လို**ကြောင်း၊ **ဥပဒေနှင့်ပတ်သက်သည့် အသိပညာများကိုလည်း နားလည်မှုရှိရန်လို**ကြောင်း၊ ထို့ကြောင့်

**အဆင့်မြင့် ပညာသင်ကြားပေးသည့် တက္ကသိုလ်များတွင် ဥပဒေဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးနေခြင်း ဖြစ်**ကြောင်း၊ ဥပဒေအခြေခံကို လက်တွေ့ကျကျသိရှိနိုင်ရေး B.A(Law) ဘွဲ့ပေးရန်စီစဉ်ထားပြီး ဥပဒေကိုအသက်မွေးဝမ်းကျောင်းပညာအဖြစ် အသုံးပြုမည့်သူများအတွက် L.LB ဘွဲ့ကိုမူ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ အနည်းဆုံး တက္ကသိုလ်တစ်ခုစီ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေအခြေခံပညာရပ်များကို နားလည်သိရှိသူများ များပြားလာမည်ဆိုပါက နိုင်ငံရေးနှင့်ပတ်သက်၍ အကျိုးပြုမှုများ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။

> စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များသည် မိမိတို့ နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် သေချာသည့် ကုန်ကြမ်းများဖြစ်၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏မူလရှိပြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်၍ ခိုင်မာသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပညာရပ်များ အလိုက် ပညာရှင်များ၊ နားလည်တတ်ကျွမ်းသူများလိုအပ်၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်၌ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ နည်းပါးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်မည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်။

**နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်နှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိ**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို စနစ်တကျဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေး GDP ကို တွက်ချက်ရာတွင် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ သုံးမျိုးရှိကြောင်း၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းသည် ကုန်ထုတ်လုပ်မှုများမှအခြေခံ၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရန်အတွက် ကုန်ကြမ်းများ လိုအပ်ကြောင်း၊ အခြေခံကုန်ကြမ်းများရှိမှသာ အခြားလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များကို စက်မှုထုတ်ကုန်အဖြစ် အဆင့်မြှင့်ထုတ်လုပ်ခြင်းဖြစ်ကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့်ထွက်ကုန်များသည် မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် သေချာသည့် ကုန်ကြမ်းများဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏မူလရှိပြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်၍ ခိုင်မာသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပညာရပ်များအလိုက် ပညာရှင်များ၊ နားလည်တတ်ကျွမ်းသူများလိုအပ်ကြောင်း၊ **မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်၌ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ နည်းပါးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်မည့် တက္ကသိုလ်၊**

**ကောလိပ်၊သိပ္ပံနှင့် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊** အသစ်ထပ်မံချမှတ်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၉ ရပ်၏ လူမှုရေးဦးတည်ချက် ပထမအချက်တွင် **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”** ဟု ချမှတ်ထားကြောင်း၊ ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုသည့် ပညာရှင်များပေါ်ထွန်းလာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူလတန်းပညာ၊ အလယ်တန်းပညာများ ပြီးမြောက်ပြီးသူများကို အထက်တန်းပညာတက်ရောက်ချိန်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့် ပတ်သက်သည့် ကျွမ်းကျင်သူများဖြစ်အောင် သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဘာသာရပ်အလိုက် ထူးချွန်သူများအနေဖြင့် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ပတ်သက်၍ တတ်ကျွမ်းရန် လိုအပ်သည့်အတွက် တက္ကသိုလ်များ၌ စီးပွားရေးပညာကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌လည်း စီးပွားရေးအသိပညာအခြေခံကို တတ်သိနားလည်မည့်သူများနှင့် ကျွမ်းကျင်ပညာရှင်များထွက်ပေါ်လာရေး နှစ်ပိုင်းခွဲဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေးအမြင်ရှိပြီး အခြေခံသဘောတရားကို နားလည်သည့် လူသားအရင်းအမြစ်များ များစွာရှိလာမည်ဖြစ်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

**အရည်အသွေးမြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အထောက်အကူပြုသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး**

**တိုင်းပြည်စီးပွားရေးကိုမြှင့်တင်ရာတွင် လူသားအရင်းအမြစ်ကောင်းများ များစွာမွေးထုတ်ပေးနိုင်ရန်လိုအပ်မည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း၊** ၂၀၁၉ – ၂၀၂၀ ခုနှစ်တွင် မိမိတို့နိုင်ငံ၏ GDP မှာ ၇၈ ဒသမ ၉ ဘီလီယံရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများထက် များစွာလျော့နည်းလျက်ရှိကြောင်း၊ တန်ဖိုးမြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ များပြားခြင်းကြောင့် GDP များရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံအနေဖြင့် ထုတ်ကုန်ပစ္စည်းများ၊ တစ်ကေအထွက်နှုန်းများ၊ သီးထပ်စွမ်းအားများ အားနည်းနေသည်ကို တွေ့ရှိရပြီး လုပ်ငန်းများအောင်မြင်မှုရရှိရန် ဖိဖိစီးစီးလုပ်ဆောင်လိုစိတ် အားနည်းခြင်း၊ လုပ်ငန်းများလုပ်ဆောင်နိုင်ရန် အခွင့်အလမ်းဖန်တီးပေးနိုင်မှု အားနည်းခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ အခွင့်အလမ်းဖန်တီးပေးနိုင်မှု အားနည်းခြင်းတွင် နှစ်ပိုင်းရှိပြီး လိုအပ်သည့် သွင်းအားစုများ ပြည့်စုံစွာရရှိနိုင်ရေးဆောင်ရွက်ပေးနိုင်မှုအားနည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်သူများကို အားပေးချီးမြှင့်မှု (Incentive) များ လုပ်ဆောင်ပေးရန် အားနည်းခြင်းတို့ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိစေရေး ဖိဖိစီးစီးဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းများ ဖော်ဆောင်ဖန်တီးပေးရန်နှင့် အားပေးချီးမြှင့်မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်သွင်းအားစုများ ပြည့်စုံစွာရရှိရေးနှင့် အားပေးချီးမြှင့်မှု (Incentive) များ ဖော်ဆောင်ပေးနိုင်ရေး အစိုးရမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီးပွားရေးအားကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် စီးပွားရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုသည့်ပညာရှင်များ ပေါ်ထွက်လာရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၎င်းပညာရှင်များ မွေးထုတ်ပေးနိုင်ရေး လူတိုင်းလက်လှမ်းမီသည့် ပညာရေးဖြစ်ရန်လိုအပ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ဘာသာရပ်များကို သင်ကြားပေးမည့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ ယင်းတို့ကို ပြည့်စုံအောင် ဆောင်ရွက်ပေးမည်ဆိုပါက နောင်အနာဂတ်တွင် ပညာရေးနှင့် စီးပွားရေးအား ကောင်းမွန်လာမည်ဖြစ်ကြောင်း။

ပြည်ပပို့ကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ပို့ကုန်များသည် ဈေးကောင်းရရှိမှု မရှိသည်ကိုတွေ့ရှိရပြီး ကုန်ထုတ်လုပ်မှု နည်းပညာ အားနည်းမှုများကြောင့်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများ ဖြစ်မှသာလျှင် ဈေးကောင်းရရှိနိုင်မည်ဖြစ်သဖြင့် အဆင့်မြင့် ကုန်ထုတ်လုပ်မှုနည်းပညာများ ဖြစ်ရန်လိုကြောင်း၊ ထို့ပြင် ဝယ်လိုအားကို ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက်လည်း မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

**လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး

> **နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လို၊ တည်ငြိမ်အေးချမ်းသည့် နယ်မြေနှင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေတို့ နှိုင်းယှဉ်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ များစွာကွာဟ သွားသည်ကိုတွေ့ရ။**

မဲစာရင်းအခြေခံအချက်အလက်များ မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်လည်ပြုစုရမည်ဖြစ်ကြောင်း၊ အခြေခံအချက်အလက်များ မှန်ကန်မှသာလျှင် မဲစာရင်းမှန်ကန်မှုရှိမည်ဖြစ်ကြောင်း၊ ယခင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ်၌ မိမိတို့နိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းသည် သုည ဒသမ ၈ ရာခိုင်နှုန်းသာရှိပြီး ယင်းကိုအခြေခံ၍ တွက်ချက်ကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်သည့် မဲဆန္ဒရှင်စာရင်းကို တွက်ချက်၍ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ လွဲမှားမှုများစွာဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သန်းခေါင်စာရင်း ကောက်ယူပြီးမှသာလျှင် လူဦးရေစာရင်း ထွက်လာမည်ဖြစ်ပြီး မဲစာရင်းကို ပြုစုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မဲစာရင်းကောက်ယူမှု မပြုနိုင်သေးသည့် မြို့နယ်အချို့ရှိကြောင်း၊ မဲစာရင်းကောက်ယူသည့် တာဝန်ရှိသူများကို အနှောင့်အယှက်ပေးနေမှုများကြောင့် ကောက်ယူမှုမပြုနိုင်သေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် **မဲစာရင်းများ အပြည့်အဝကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲစာရင်းများ အပြည့်အဝကောက်ယူနိုင်မှသာလျှင် မှန်ကန်သည့် မဲစာရင်းများရရှိမည်ဖြစ်ကာ ရွေးကောက်ပွဲကိုလည်း မှန်မှန်ကန်ကန်ဖြင့် ပြုလုပ်နိုင်မည်ဖြစ်**ကြောင်း၊ ရွေးကောက်ပွဲတစ်ရပ်ကို မဖြစ်ဖြစ်အောင် ဆောင်ရွက်၍ရသည်ဖြစ်သော်လည်း မိမိတို့ပြုလုပ်သည့် ရွေးကောက်ပွဲသည် စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်ခိုင်မာစေရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ပတ်သက်၍ အားနည်းချက်များရှိနေဆဲဖြစ်ပြီး အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဒီမိုကရေစီကိုတောင်းဆိုသည်မှာ မဖြစ်သင့်သည့်ကိစ္စဖြစ်ကြောင်း၊ ကောင်စီဝင်များအနေ

ဖြင့်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် သက်ဆိုင်ရာဒေသများသို့ရောက်ရှိပါက လူဦးရေစာရင်းကောက်ယူမှုများ ဆောလျင်စွာပြုစုပြီးစီးနိုင်ရေးအတွက်ကိုလည်း တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ပညာရေးမြှင့်တင်မှုကဏ္ဍ၊ စီးပွားရေးမြှင့်တင်မှုကဏ္ဍနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကောင်စီဝင်များက ကယားပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်သည့်ကိစ္စရပ်များ၊ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ကူညီပေးရေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ အခြေခံပညာကျောင်းများတွင် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းများအတိုင်း အပြည့်အဝသင်ကြားပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများနှင့် စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်သင်ကြား ဆောင်ရွက်ပေးရေး၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် ကြုံတွေ့ရနိုင်သည့် မဲစာရင်းဆိုင်ရာ မှားယွင်းမှုများနှင့် မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဥပဒေပြဋ္ဌာန်း၍ ကြပ်မတ်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

**နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေး တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်မှုများရှိနေသည့် နယ်မြေများတွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်၍မရသည်ကို တွေ့ရ၊ နောက်ကျကျန်ခဲ့ခြင်း အကျိုးဆက်ကို နယ်မြေခံလူထုကခံစားနေရ၊ လူတစ်စု၏ မိုက်မဲမှုကို ဒေသခံလူအများကခံနေရ၊ ပြည်သူလူထုအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုးကိုကြည့်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ပူးပေါင်းဆောင်ရွက်ကြရန်လို။**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဒေသအလိုက်တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူလူထု၏ အင်အားကိုရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်ယင်းစုစည်းအားကိုအကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး စည်းရုံးဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းသည့်နယ်မြေနှင့် တည်ငြိမ်အေးချမ်းမှုမရှိသည့်နယ်မြေတို့ နှိုင်းယှဉ်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့်နယ်မြေတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့များစွာကွာဟသွားသည်ကိုတွေ့ရကြောင်း၊ **နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေး တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်မှုများရှိနေသည့် နယ်မြေများတွင် ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်၍မရသည်ကို တွေ့ရကြောင်း၊ နောက်ကျကျန်ခဲ့ခြင်း အကျိုးဆက်ကို နယ်မြေခံလူထုက ခံစားနေရ ကြောင်း၊ လူတစ်စု၏မိုက်မဲမှုကို ဒေသခံလူအများက ခံနေရကြောင်း၊ ပြည်သူလူထုအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုးကိုကြည့်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တည်ငြိမ်အေးချမ်းရေးကို ပူးပေါင်းဆောင်ရွက်ကြရန်လို** ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ အနေဖြင့်လည်း အဆင့်ဆင့်ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ဒေသအလိုက်ရှိ တိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုပြီး ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ၎င်းတို့၏ယုံကြည်ချက်၊ ခံယူချက်မြင့်မားလာအောင် ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်

တိုင်းပြည်အပေါ်တွင် စိတ်ကောင်းစေတနာကောင်း ထားရန်လိုကြောင်း၊ နိုင်ငံရေးမျှော်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း။

လာမည့် အောက်တိုဘာ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် ၈ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ **(NCA) စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း စသည့်နိုင်ငံများမှ သံတမန်များ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြ**ကြောင်း၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှပျက်ပြယ်မှုမရှိ တည်ရှိနေမည့်စာချုပ်ဖြစ်ကြောင်း၊ အစိုးရဘက်မှ မိမိကိုယ်တိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခု၏ တာဝန်ရှိသူတစ်ဦးက (NCA) နှင့်ပတ်သက်၍ အထောက်အထားမဲ့၊ အဓိပ္ပာယ်မဲ့စွာ လက်လွှတ်စပယ်ပြောကြားခဲ့သည်ကို တွေ့ရကြောင်း၊ **တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ (NCA) စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့်အောက်တိုဘာ ၁၅ ရက်တွင်ကျရောက်မည့် (၈) နှစ်မြောက် (NCA) နှစ်ပတ်လည်နေ့ကိုလည်း လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ၊ အလေးအနက်ထား၍ စီစဉ်ကျင်းပသွားမည်ဖြစ်**ကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ပံ့ပိုးမှုများနှင့် စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်သင်ကြား ဆောင်ရွက်ပေးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးပွဲများကျင်းပ၍ နည်းလမ်းရှာဖွေ ဆောင်ရွက်သွားရန်လိုကြောင်း။

လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲစာရင်းကောက်ယူခြင်းလုပ်ငန်းများနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး စနစ်တကျမှန်မှန်ကန်ကန် မဲပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း လုံခြုံစိတ်ချရသည့် အီလက်ထရွန်နစ်မဲပေးစနစ်ဖြင့် စနစ်တကျမဲပေးနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ စနစ်တကျရှိစေရေးအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍတွင် လယ်ယာလုပ်သားရှားပါးမှုအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပညာရေးကဏ္ဍတွင်လည်း လက်ရှိအကောင်အထည်ဖော်နေသည့် KG + 9 မှတစ်ဆင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာသိပ္ပံအဆင့်သို့တက်လှမ်းပြီး ထိုမှတစ်ဆင့် လက်တွေ့အသုံးချသိပ္ပံပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရေးအတွက် Poly technic institute ထူထောင် ဖွင့်လှစ်နိုင်ရေးသက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ နိုင်ငံ၏ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ၊ ပညာရှင်များမွေးထုတ်နိုင်ရေးစီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လူငယ်များပညာရေးကောင်းမှ နိုင်ငံ၏အနာဂတ်ကောင်းမွန်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ကောင်းမွန်စေရေးအတွက် မျှော်မှန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့် အမြင်ကျယ်ကျယ်ထား၍ နိုင်ငံတော်တစ်ဝန်းလုံးအတွက် လွှမ်းခြုံစဉ်းစားဆောင်ရွက်ရန်နှင့် နယ်ပယ်အားလုံးအတွက် ကိုယ်စားပြု၍ ကြိုးစားလုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၅ - ၉ - ၂၀၂၃ )



၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း အကွက်အမှတ်(၁၃)အတွင်း ရန်ကုန် – မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် ၂၀၄ မိုင် ၁ ဖာလုံမှ မာရဝိဇယဘုရားအဝင်လမ်းဝဲယာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကွံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၅၂၀ ပင်ကို စိုက်ပျိုးသွားမည်

ဖြစ်ပါကြောင်း၊ သစ်ပင်များကို တစ်နိုင်ငံလုံးအရှိန်အဟုန်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး အခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၂၉ သန်း စိုက်ပျိုးတည်ထောင်လျက်ရှိပါကြောင်း။

**အဓိက ကဏ္ဍတွင် ပါဝင်**

**“ဥတုရာသီ တောကိုမှီ”** ဆိုသည့်အတိုင်း သစ်ပင်သစ်တောများသည် သက်ရှိများနေထိုင်ရာ ကမ္ဘာမြေကြီးသာယာလှပစေရုံသာမက သက်ရှိများ ကောင်းမွန်စွာရှင်သန်နိုင်ရန် များစွာပံ့ပိုးကူညီပေးနေပါကြောင်း၊ ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းပေးပြီး ဂေဟစနစ်များကိုလည်း တည်ငြိမ်စေပါကြောင်း၊ ရာသီဥတုမျှတကောင်းမွန်စေပြီး မြေနှင့်ရေကို ထိန်းသိမ်းပေးခြင်းဖြင့် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် လေမုန်တိုင်းကျရောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးပါကြောင်း၊ စားရေရိက္ခာ၊ ဆေးဝါးနှင့်သစ်တောထွက်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးပါကြောင်း၊ သစ်တောများသည် လုပ်ငန်းကဏ္ဍအသီးသီးနှင့် ဆက်စပ်နေပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမဏ္ဍိုင် (၃) ရပ်ကို ဟန်ချက်ညီညီ ထိန်းညှိပေးပြီး ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသည့် အဓိကကဏ္ဍတွင် ပါဝင်ပါကြောင်း။

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့၌ ရခိုင်ပြည်နယ်တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းကြောင့် စစ်တွေမြို့အပါအဝင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ် ၁၀ မြို့နယ်ကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းကို သဘာဝဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံနိုင်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်နိုင်ရန်အတွက် သစ်တောပြုန်းတီးမှုလျော့နည်းရေးနှင့် ကမ်းရိုးတန်းတစ်လျှောက် သဘာဝအစိမ်းရောင်တံတိုင်းများဖြစ်သည့် ဒီရေတောနှင့် သစ်ပင်သစ်တောများကို အရှိန်အဟုန်မြှင့် စိုက်ပျိုးထိန်းသိမ်းရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

**ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်**

ထို့ပြင် မိုးလေဝသခန့်မှန်းချက်များအရ ၂၀၂၃ ခုနှစ်စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် မတ်လကာလအတွင်း အယ်လ်နီညိုဖြစ်စဉ်များ ကြုံတွေ့ရမည်ဟု သိရှိရပါကြောင်း၊ ယခင်အတွေ့အကြုံများအရ မိုးခေါင်ရေရှားခြင်းနှင့် ပူပြင်းခြောက်သွေ့ခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် ပူပြင်းခြောက်သွေ့ဒဏ်ခံနိုင်မှုရှိစေရေးနှင့် ရေပြတ်လပ်မှုမရှိစေရေး ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်သွားကြရန်လည်း လိုအပ်ပါကြောင်း။

သစ်တောများအတွင်းရှိ သစ်ပင်များသာမက သစ်တောများ ပြင်ပတွင်ရှိနေသည့် သစ်ပင်သစ်တောများသည်လည်း အလွန်အရေးကြီးပါကြောင်း၊ **“သစ်ပင်စိုက်မှအရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းပြေ၏”** ဆိုသည့်အတိုင်းကျေးရွာ၊ မြို့ပြပတ်ဝန်းကျင် နေရာအသီးသီးတွင် စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသရရှိစေရန် သစ်ပင်များရှင်သန်အောင် စိုက်ပျိုးထိန်းသိမ်းကြရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ဖောက်လုပ်ထားရှိသည့် အဓိကလမ်းမကြီးများဖြစ်သည့် အာဆီယံလမ်းမကြီးများ၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးနှင့် ရထားလမ်းများတစ်လျှောက် စိမ်းလန်းစိုပြည်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး သစ်ပင်များစိုက်ပျိုး ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံ၏လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြခြင်းဖြစ်သည့်အတွက် ကျေးလက်ထင်းလောင်စာလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ကျေးရွာထင်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ရန်၊ နိုင်ငံတစ်ဝန်း ကျေးရွာများတွင် ဒေသအလိုက် သင့်တော်သည့်အရိပ်ရပင်များ၊ လေကာပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးရန်၊ တောင်ထိပ်၊ တောင်ကုန်းတောင်တန်းများ၊ သစ်ပင်သစ်တောများထိန်းသိမ်းရန်၊ သစ်ပင်များစိုက်ပျိုးရန်၊ မြစ်ချောင်းတစ်လျှောက် သစ်ပင်များစိုက်ပျိုး ထိန်းသိမ်းရန်၊ ကမ်းရိုးတန်း ဒီရေရောက်ဒေသများတွင် ဒီရေတောအပင်များ စိုက်ပျိုးတည်ထောင်ရန် စသည့် သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် အောင်မြင်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်**

သစ်ပင်စိုက်ပျိုးခြင်းသည် အကျိုးကျေးဇူးအမျိုးမျိုးကို ရရှိခံစားနိုင်ပြီး သစ်တောများက အထောက်အပံ့ပြုသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများက သက်ရှိလောကအတွက် အလွန်ပင်အရေးပါလှပါကြောင်း၊ ထို့ကြောင့်

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်း မြို့ပြနှင့်ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် စိမ်းလန်း စိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သဘာဝမြေယာရှုခင်းများဖြစ်အောင် စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ နိုင်ငံရေရှည်ဖွံ့ဖြိုး တိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် သစ်ပင် သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်း များကို ဘက်စုံကဏ္ဍစုံက ရှုမြင်သုံးသပ်ပြီး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်ဆောင်ရွက် သွားကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း ပြောကြားသည်။

■ ■ ■

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားသည့် အမှာစကား

( ၇ - ၉ - ၂၀၂၃ )





သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ် တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

**ဦးဆောင်စိုက်ပျိုးပေး**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

**သစ်ပင်သစ်တောများကို စနစ်တကျပြန်လည်စိုက်ပျိုးထိန်းသိမ်းမှသာလျှင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းခြင်းကို ဟန်ချက်ညီဆောင်ရွက်သွားနိုင်မည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့သစ်ပင်စိုက်ပွဲတွင် အားလုံးပျော်ရွှင်တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းကို ဦးစွာပြော

ကြားလိုကြောင်း၊ ယခုအခါ သစ်ပင်သစ်တောများ ပြုန်းတီးမှုကြောင့် ကမ္ဘာကြီးသည် တဖြည်းဖြည်းပိုမိုပူနွေးလာသည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာသည့်အတွက် မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်း စသည့် သဘာဝဘေးများကို မိမိတို့လူသားများအနေဖြင့် ရင်ဆိုင်တွေ့ကြုံခံစားနေကြရသည်ကိုတွေ့မြင်ကြမည်ဖြစ်ကြောင်း၊ ထို့အပြင်အခြားသောသက်ရှိများဖြစ်သည့် တောတွင်းတိရစ္ဆာန်များသည်လည်း တဖြည်းဖြည်း မျိုးသုဉ်းလျော့ပါးလာကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယင်းသည် သက်ရှိများနှင့် သဘာဝတရား၏ ဂေဟစနစ်များ တစ်စတစ်စကွာဟလာသည့် ဆိုးရွားမှုများ၏ အကျိုးဆက်များပင် ဖြစ်ကြောင်း။

သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်၊ သက်ရှိများ၏ ဂေဟစနစ်နှင့် လူနေမှုစနစ်တို့အပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ သစ်တောသစ်ပင်များကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့ကြသကဲ့သို့ ပြန်လည်စိုက်ပျိုးကြရန်လည်းလိုအပ်ကြောင်း၊ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲခြင်း၊ ပြန်လည်စိုက်ပျိုးမှုများကို ပြုလုပ်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ်ထိန်းသိမ်းခြင်းတို့ကို ဟန်ချက်ညီဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ စနစ်တကျထုတ်ယူသုံးစွဲမှုမရှိဘဲ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုများကိုကြုံတွေ့ရခြင်းဖြစ်ပြီး ယခင်နေပြည်တော်ဒေသ၏ ရာသီဥတုသည် ၂၀၀၆ ခုနှစ်တွင် ပျမ်းမျှအပူချိန် ၂၆ ဒသမ ၉၇ ဒီဂရီစင်တီဂရိတ်ခန့်သာရှိခဲ့ရာ ယခုအချိန်တွင် ပျမ်းမျှ အပူချိန် ၂၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ တိုးမြင့်လာသည်ကို တွေ့ရှိရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့်လည်း တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ မြေအောက်ရေခန်းခြောက်ခြင်း၊ မြစ်များကျဉ်းမြောင်းတိမ်ကောခြင်း၊ ချောင်း၊ မြောင်းများ၊ ခန်းခြောက်ခြင်းများဖြစ်လာပြီး သက်ရှိအားလုံး အသက်ရှင်ရပ်တည်နိုင်ရေး ရေအခက်အခဲများရှိလာသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သစ်တောသယံဇာတများရေရှည်တည်တံ့စေရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုလျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့အတွက် စနစ်တကျဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲများပြုလုပ်ခြင်းသည် လူသားဆန်ပြီးအင်မတန်မွန်မြတ်သည့် လုပ်ဆောင်ချက်ဖြစ်သောကြောင့် ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီအနေအထားကို ကြည့်မည်ဆိုပါက သက်ရှိလူသား တစ်ယောက်အတွက် ပကတိအားဖြင့် ပြီးပြည့်စုံသည့် လိုတရပဒေသာပင်ပေါက်ရာ ရပ်ဝန်းတစ်ခုဟု ဆိုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏တည်ရှိနေပုံကို ကြည့်ပါက နိုင်ငံ၏အနောက်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် မြင့်မားသည့် တောင်တန်းကြီးများရှိသကဲ့သို့ ယင်းတောင်တန်းများအပေါ်တွင် သစ်တောသစ်ပင်များ များစွာပေါက်ရောက်နေရာယူထားကြကြောင်း၊ ထို့အပြင် အနောက်ရိုးမတောင်တန်းကြီးနှင့် အရှေ့ရိုးမတို့ကြားတွင် ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်းမြစ်တို့နှင့် ယှဉ်ပြီး ပုံတောင်ပုံညာရိုး၊ အလယ်ရိုးမ(မင်းဝံတောင်ရိုး) နှင့် ရှမ်းကုန်းပြင်မြင့်တို့ရှိပြီး ယင်းတောင်ရိုး တောင်တန်းများ တွင်လည်း သစ်တောကြီးများဖြင့် ဖုံးအုပ်လျက်ရှိကြောင်း၊ အဆိုပါသစ်တောများကိုစနစ်တကျအသုံးပြုနိုင်မှသာ အကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

**သစ်တော၊ သစ်ပင်ထိန်းသိမ်းရေးနှင့် မိမိတို့ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အမျိုးသားရေးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ကြရန်လို**

သစ်တောထူထပ်ပြီး အဖိုးတန်သစ်တောများရှိသည့် မိမိတို့နိုင်ငံကို နယ်ချဲ့များက မတရားကျူးကျော်မှုများပြုလုပ်ခဲ့ကြပြီး အတိုင်းအဆမရှိ သစ်တောများကို ခုတ်လှဲယူခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံ့ဝင်ငွေရရှိရေးအတွက် သစ်များထုတ်ယူရောင်းချခဲ့သဖြင့် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းသည် ၄၂ ရာခိုင်နှုန်းခန့်အထိ ကျဆင်း လာခဲ့သည်ကို တွေ့ရှိရကြောင်း၊ **သယံဇာတဟူသည်မှာ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးနိုင်သည်ရှိသကဲ့သို့ ပြန်လည်ဖြည့်တင်း၍မရသည့် သယံဇာတများလည်းရှိ**

ကြောင်း၊ **သစ်ပင်သစ်တောဟူသည်မှာ သဘာဝအလျောက် ပြန်လည်ပြည့်ဖြိုးစေနိုင်သည့် စွမ်းပကားများရှိသကဲ့သို့ လူသားများ၏ လုပ်ဆောင်ဖန်တီးမှုများဖြင့်လည်းပြန်လည် ဖြည့်တင်းပေးနိုင်သည့်အရာဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် သစ်တောသစ်ပင်များ ပြန်လည်ထူထောင် ဖြည့်တင်းခြင်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်မှုမရှိပါက သဘာဝတရား၏ ရိုက်ခတ်မှုဒဏ်ကို ခံကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် **သစ်တောများနှင့် နီးကပ်နေသည့် ကျေးလက်ဒေသများတွင် သစ်ပင်သစ်တောများကို ထိန်းသိမ်းကြရေး နှင့် မြို့ပြများတွင် နေထိုင်ကြသူများအနေဖြင့်လည်း မိမိပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုရရှိစေရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လွှမ်းခြုံဆောင်ရွက်သင့်သည်ကို** ပြောကြားလိုကြောင်း။

တပ်မတော်အနေဖြင့် တပ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများတွင် ရာသီသီးနှံများကို စိုက်ပျိုးသကဲ့သို့ နှစ်ရှည်စားသုံး ပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး စားရေးအတွက် အထောက်အကူဖြစ်သကဲ့သို့ ရရှိလာသည့် အရိပ်အာဝါသများကြောင့် အကျိုးခံစားရမှုများလည်းရှိကြောင်း၊ **“သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားနိုင်သည်” ဟူသည့် စကားအတိုင်း ကုသိုလ်လည်း ရရှိမည်ဖြစ်ပြီး မိမိပတ်ဝန်းကျင်အတွက်လည်း အကောင်းဆုံး အကျိုးသက်ရောက်မှုများ ဖြစ်လာနိုင်မည်ကို တွက်ဆဆောင်ရွက်ကြရန်လို**ကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးနိုင်ရေး၊ မိမိတို့ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အတတ်နိုင်ဆုံးပါဝင် ကုသိုလ်ယူဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနေဖြင့် ၂၀၁၁ ခုနှစ်မှစပြီး သစ်ပင်စိုက်ပျိုးပွဲတွေကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၂၃ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်ပေါင်း ၁၉၀,၄၇၃ ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ရှင်သန်မှုအနေဖြင့် ၁၀၉,၈၈၅ ပင် ရှင်သန်ဖြစ်ထွန်းခဲ့သည်ကို တွေ့ရှိရသည့်အတွက် ၅၅ ရာခိုင်နှုန်းခန့်သာ ရှင်သန်ဖြစ်ထွန်းသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် **သစ်ပင်စိုက်ပျိုးပွဲများကို အချိန်နှင့် လူအင်အားအသုံးပြု၍ ဆောင်ရွက်ရသည့်နည်းတူ အကျိုးရှိရှိအောင်မြင်ဖြစ်ထွန်းမှုရှိစေရေး စိုက်ပျိုးကြသည့်သူများက ရှင်သန်မှု ရှိအောင် စိုက်ပျိုးကြရန်လိုသကဲ့သို့ ထိန်းသိမ်းရန်တာဝန်ရှိသူများအနေဖြင့်လည်း ရာနှုန်းပြည့် ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်မှာကြားလို**ကြောင်း၊ ယနေ့ပြုလုပ်သည့် စတုတ္ထအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ မန်ဂျန်ရှားနှင့် ပိတောက်ပင် စုစုပေါင်း ၃,၅၂၈ ပင်ကို ထပ်မံစိုက်ပျိုးသွားမည်ဖြစ်ပြီး အားလုံးရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရန် မှာကြားလိုကြောင်း။

မိမိတို့အနေဖြင့် ယနေ့ကမ္ဘာကြီးပူနွေးလာခြင်းကို ပြန်လည်ကုစားရန်အတွက် လူသားတစ်ယောက်၏ တာဝန်အဖြစ်ခံယူပြီး သစ်ပင်စိုက်ပျိုးကြရန်၊ **သစ်ပင်များကို စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း အလေ့အထများသည် လူသားဆန်ပြီး ဖြူစင်မွန်မြတ်သည့် အလုပ်မျိုးဖြစ်သည့်အတွက် အလေးအနက်ထားလုပ်ဆောင်သွားကြရန်၊ စတင်စိုက်ပျိုးပြီးချိန်မှစ၍ အောင်မြင်ဖြစ်ထွန်းသည့်အချိန်အထိ ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းစဉ်များကို ရာသီအလိုက်၊ အပင်သက်တမ်းအလိုက် မပျက်မကွက်ဆောင်ရွက်သည့် စနစ်တစ်ရပ်အဖြစ် လုပ်ဆောင်သွားကြရန်၊** သစ်ပင်စိုက်ပျိုးခြင်းသည် ပစ္စုပ္ပန်တွင်သာ အကျိုးဖြစ်စေရုံသာမက သံသရာအတွက် အထောက်အပံ့ကောင်း တစ်ရပ်လည်းဖြစ်သည်ကို ခံယူဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

■ ■ ■

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၉ - ၉ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား လားရှိုးမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူကောင်စီဝင်များဖြစ်ကြသည့် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ဒေသခံတိုင်းရင်း သားပြည်သူများ၊ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ နယ်မြေဒေသအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ One Region One Product လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများ

ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း လမ်း၊ တံတားများအား ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိမှု၊ ဆည်နှင့်ကန်များတည်ရှိမှုနှင့် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍများမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ (MSME) လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုစေမည့် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် မတည်ထောက်ပံ့ငွေများကို ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး ထုတ်ချေးပေးထားလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်ဆိုင်ရာအချက်အလက်များ၊ ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ ပြည်နယ်အတွင်း စက်မှုဇုန်များနှင့် စက်မှုရပ်ကွက်များ တည်ထောင်၍လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပြည်ပသို့ ပို့ကုန်များ တင်ပို့ဆောင်ရွက်နိုင်မှု၊ (MSME) စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ပို့ချဆောင်ရွက်လျက်ရှိမှုနှင့် (MSME) ပြပွဲများ ပြုလုပ်ဆောင်ရွက်မှု၊ ရှမ်းပြည်နယ်၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့်နှင့်ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွင်း စိုက်ပျိုးမွေးမြူရေးနှင့်အခြားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ပေးထားရှိမှုနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မြင့်ထွေး၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်ဇော်၊ လက်ဖက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ မြန်မာနိုင်ငံကော်ဖီအသင်းအဖွဲ့ဝင် ဦးအောင်လှိုင်ဖြိုးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထွက်ရှိသည့် ဒေသထုတ်ကုန်များအားအဆင့်မြှင့်ထုတ်ကုန်များဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ကုန်သွယ်မှုများတွင် လွယ်ကူလျင်မြန်ချောမွေ့မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်ဆိုင်ရာ အခြေခံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှု၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ဒေသတွင်း ထွက်ရှိသည့် လက်ဖက်ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြင့်ထုတ်ကုန်များဖြစ်စေရေးနှင့် ဈေးကောင်းရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ နောင်ချိုဒေသ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ကော်ဖီသီးနှံစိုက်ပျိုးထားရှိမှု၊ ထွက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပသို့ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကိုတင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ချေးငွေများထုတ်ချေးပေးလျက်ရှိမှု၊ အခြားလိုအပ်သည်များကို အားပေးဆောင်ရွက်လျက်ရှိမှု၊ ဆန်၊ ဆီနှင့် အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူအားလုံးကလည်း အားလုံးပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်မှု၊

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သီးထပ်စွမ်းအားများ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့ဒေသများရှိဦးစီးဌာနများမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များ စုဖွဲ့၍ လိုအပ်သည့်သွင်းအားစုများ၊ နည်းပညာ၊ စက်ကိရိယာနှင့် အရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ သစ်အချောထည်ပစ္စည်းများကို နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တင်ပို့လိုခြင်းအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်သွားရန်လိုအပ်မှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်နိုင်မည့်အရင်းအမြစ်များစွာ ရှိသည့်အတွက် ပြည်တွင်းလိုအပ်ချက်ပြည့်မီနိုင်ရေး တိုးမြှင့်ထုတ်လုပ်သွားရန်လိုအပ်မှု၊ နိုင်ငံတကာကုန်သွယ်မှုစနစ်များ တိုးတက်မြင့်မားလာမှု၊ နယ်စပ်ကုန်သွယ်မှုများ လျင်မြန်ချောမွေ့စေရေးအတွက် ယွမ်-ကျပ် ကုန်သွယ်မှုများကို ခွင့်ပြုဆောင်ရွက်ပေးထားရှိမှု၊ တရားမဝင်ကုန်သွယ်မှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် (MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေနိုင်သည့်အတွက် လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်သွားကြရန် လိုအပ်မှု၊ ပို့ကုန်ပစ္စည်းများ တင်ပို့ရာတွင်လည်း တရားမဝင်ကုန်သွယ်မှုများမရှိစေရေး QR Code စနစ်ဖြင့် လိုင်စင်များထုတ်ပေးလျက်ရှိပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စေရေး စိစစ်ဆောင်ရွက်လျက်ရှိသဖြင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်ရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်း (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အမြဲမပြတ်ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိမှု၊ ယနေ့အခမ်းအနားတွင် ပါဝင်သည့် တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြဆောင်ရွက်သွားရန် လိုအပ်သည်များကိုလည်း အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

**MSME စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်

**ယခုအခါတွင် မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ (NCA) စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့၊ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိ တည်ရှိနေမည့်စာချုပ်ဖြစ်။**

မိမိအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့သွားရောက်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် (၂၃) ကြိမ်မြောက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံ၍ (MSME) လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် နိုင်ငံစီးပွားရေးကို တိုးတက်စေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် (MSME) စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုတို့ကြောင့် ပေါ်ပေါက်လာခဲ့သောလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

လာမည့် အောက်တိုဘာလ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုမှု (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးနှစ်ပတ်လည်နေ့ကို ကျင်းပပြုလုပ်နိုင်ခဲ့ခြင်း မရှိကြောင်း၊ ယခုနှစ်တွင် အဆိုပါအခမ်းအနားကို အဓိပ္ပာယ်လေးနက်စွာဖြင့် ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းကို သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံရေးအရသဘော ထားကွဲလွဲမှုများ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ စသည်တို့ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများနှင့် ပတ်သက်၍ ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် နိုင်ငံရေးစနစ်များ တူညီမှုမရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေး ရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယ ဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှု၊ အယူဝါဒ ကွဲပြားမှုများကြောင့် ၁၉၄၈ ခုနှစ် မတ်လတွင် ကွန်မြူနစ်ပါတီ တောခိုခဲ့ကြောင်း၊ ထို့နောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က အုပ်ချုပ်ဆောင်ရွက်ခဲ့ပြီး စီမံခန့်ခွဲမှု အားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်း ဖြစ်ပေါ်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကို ဒီမိုကရေစီတောင်းဆိုသည့် ဖြစ်စဉ်တစ်ခုအဖြစ်သာ ယေဘုယျသဘောထားကြသော်လည်း ၎င်းနောက်ကွယ်၌ ဖြစ်ပွားရသည့် အကြောင်းရင်းများစွာ ရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ ဆိုရှယ်လစ်စနစ်ကို မကြိုက်နှစ်သက်ခြင်းကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို တောင်းဆိုခဲ့ကြကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေးကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံ၌ အချေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း။

မိမိတို့နိုင်ငံတွင် ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ကြည့်မည်ဆိုပါက လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်) သည် ပြည်သူလူထုတစ်ရပ်လုံး မဲပေးအတည်ပြုခဲ့သည့် ဥပဒေမဟုတ်ဘဲ တိုင်းပြုပြည်ပြုလွှတ်တော်က အချို့သော ပညာရှင်များ၏ အကြံဉာဏ်များရယူကာ ရေးဆွဲအတည်ပြု

ခဲ့သည့် ဥပဒေဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)သည် မူကြမ်းသုံးကြိမ်အထိ ရေးဆွဲ၍ ပြည်သူလူထုအားချပြပြီးမှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၍ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) သည်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်၍ အတည်ပြုခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို လေ့လာကြည့်ပါက ဖက်ဒရယ်ဟု တိုက်ရိုက်သုံးစွဲထားခြင်းမရှိသော်လည်း အာဏာကိုခွဲဝေကျင့်သုံးသည့် ဖက်ဒရယ်၏ လုပ်ထုံးလုပ်နည်းများပါပြီး ဖြစ်သည်ကို လေ့လာသိရှိနိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ကျေးလက်ကိုအခြေခံပြီး ကျေးလက်ကို ပေါင်းစည်း၍ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ တိုင်းဒေသကြီး

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်၍ MSME လုပ်ငန်းများကို မိမိတို့အနေဖြင့် အားပေးမြှင့်တင်နေခြင်းဖြစ်၊ ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ကုန်ပစ္စည်းများဈေးနှုန်းကြီးမြင့်မှုမရှိစေရေး စားသုံးမှုနှင့်ထုတ်လုပ်မှုများ မျှတမှုရှိစေရေး အတွက် ဆောင်ရွက်ရန်လို၊ စားသုံးဆီဈေးနှုန်းများ ကြီးမြင့်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကြပ်မတ်စီမံ ဆောင်ရွက်ခဲ့သော်လည်း ဝိသမလောဘသားများ၏ မတော်လောဘစိတ်များဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ထိုက်သင့်သည့် ဈေးထက်မြင့်မားခဲ့သည်ကိုတွေ့ရှိရ၊ ယခုအခါ ထိုက်သင့်သည့်အရေးယူမှုများကို ဆောင်ရွက်ခဲ့သဖြင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့။**

နှင့် ပြည်နယ်ဖြစ်လာပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုဖြစ်လာကြောင်း၊ ထိုအတွင်းမှ တူညီသည့် တိုင်းရင်းသားများပြားသည့်ဒေသများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း။

ယခုအခါတွင် မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ (NCA) စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှု မရှိ တည်ရှိနေမည့်စာချုပ်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ (NCA) စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် (၈) နှစ်မြောက် (NCA) နှစ်ပတ်လည်နေ့အခမ်းအနားကိုလည်း လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ၊ အလေးအနက်ထား၍ စီစဉ်ကျင်းပသွားမည်ဖြစ်ပြီး မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ

တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မရရအောင် ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် အနိုင်ရပါတီများ အစိုးရဖွဲ့နိုင်ရေး တပ်မတော်အနေဖြင့်

လက်တွဲညီညီ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နောက်ပိုင်းတွင် နိုင်ငံရေးအရအသုံးချ၍ မရိုးမသားဆောင်ရွက်မှုများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် အသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ အုပ်ချုပ်ရေးပိုင်း၊ စီးပွားရေးပိုင်းတို့တွင် အားနည်းချက်များဖြစ်ပေါ်ခဲ့ပြီး ယဉ်ကျေးမှုပိုင်းဆိုင်ရာတွင်လည်း မြန်မာ့ထုံးတမ်းစဉ်လာနှင့် မကိုက်ညီသည့်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ကာ စည်းလုံးညီညွတ်မှုများ ပျက်ပြားခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်းတို့၏ လုပ်ဆောင်မှုများအရ ထောက်ခံမှုများ ကျဆင်းလာခဲ့ရာ ရွေးကောက်ပွဲတွင် မရိုးမသားသည့် နည်းလမ်းများဖြင့် အနိုင်ရရှိရေးဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှ ပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသဖြင့် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်များကို ဥပဒေနှင့်အညီ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးကိုသာ အဓိကဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်းအခြေခံအချက်အလက်များ မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်လည်ပြုစုရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူ၍ ရွေးကောက်ပွဲကို အစောဆုံးကာလတွင် ပြန်လည်ကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် တည်ငြိမ်အေးချမ်းမှုရှိရန် အဓိကလိုအပ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုရှိရေးကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်း အားလုံးမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း။

**ဒေသတစ်ခုချင်းစီအလိုက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်မည်**

မိမိတို့နိုင်ငံသည် ခေတ်အဆက်ဆက် အားနည်းချက်များရှိခဲ့ခြင်းကြောင့် စီးပွားရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အခြားတိုင်းပြည်များထက် တိုးတက်မှုနှုန်းနည်းပါးသည်ကိုတွေ့ရကြောင်း၊ နိုင်ငံ့စီးပွားရေးတိုးတက်မှုနည်းပါးခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုအပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်းမရှိကြောင်း၊ မိမိတို့နိုင်ငံ၏ GDP မှာ ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP များတိုးတက်လာမည်ဖြစ်၍ MSME လုပ်ငန်းများကို မိမိတို့အနေဖြင့် အားပေးမြှင့်တင်နေခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကုန်ပစ္စည်းများဈေးနှုန်းကြီးမြင့်မှုမရှိစေရေး စားသုံးမှုနှင့်ထုတ်လုပ်မှုများ မျှတမှုရှိစေရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စားသုံးဆီဈေးနှုန်းများ ကြီးမြင့်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကြပ်မတ်စီမံဆောင်ရွက်ခဲ့သော်လည်း ဝိသမလောဘသားများ၏ မတော်လောဘစိတ်များဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ထိုက်သင့်သည့်ဈေးထက်မြင့်မားခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ယခုအခါ ထိုက်သင့်သည့်အရေးယူမှုများကို ဆောင်ရွက်ခဲ့သဖြင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ အသားထုတ်လုပ်မှုမှ အေးခဲအသားများကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့်အစာကုန်ကြမ်းများကိုလည်း ဒေသတွင်း၌ ရရှိနိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို

တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် တစ်ဦးချင်းစီးပွားရေးတိုးတက်မှုမှ ဒေသစီးပွားရေးတိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသတွင် အောင်မြင်ဖြစ်ထွန်းသည့် ကော်ဖီနှင့်လက်ဖက်များကို အဓိကစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး ကော်ဖီနှင့်လက်ဖက်သည် နိုင်ငံတကာ ဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နည်းစနစ်ကျနပြီး အရည်အသွေးပြည့်မီသည့် ကော်ဖီနှင့် လက်ဖက်ထုတ်ကုန်ထုတ်လုပ်မှုများကိုဆက်လက်တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ကျွမ်းကျင်လုပ်သား လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများမြင့်မားစေရေး ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ထူးချွန်သူများကိုတက္ကသိုလ်၊ ကောလိပ်များ၌ ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်မှုရှိမှသာလျှင်လည်း ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ပို့ဆောင်ဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာစေရေးအတွက် လားရှိုးလေဆိပ်၊ လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လားရှိုး-မန္တလေး ရထားလမ်း ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသကဲ့သို့ လားရှိုး-မူဆယ်၊ လားရှိုး-ချင်းရွှေဟော် ရထားလမ်းဖောက်လုပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိကားလမ်းကိုလည်း လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ခြောက်လမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကူးလူးဆက်သွယ်သွားလာမှုများ အဆင်ပြေချောမွေ့လာမည်ဆိုပါက ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် သဘာဝရေမြေတောတောင်အလှအပများနှင့် အရင်းအမြစ်များစွာ ရှိပြီးဖြစ်သည့်ဒေသဖြစ်ကြောင်း၊ ဂုတ်ထိပ်တံတားနှင့်တောတောင်ရေမြေသဘာဝအလှများသည် ခရီးသွားများကိုဆွဲဆောင်နေသည့် နေရာတစ်ခုဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ပြီး မျက်စိပသာဒဖြစ်ဖွယ်ရှိစေရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသထွက်အစားအစာများ အရည်အသွေးကောင်းမွန်ရေး၊ တည်းခိုနေထိုင်ရေး၊ သွားလာရေးများကို ကောင်းမွန်အောင်ဆောင်ရွက်ပြီး ကောင်းမွန်သည့် ဝန်ဆောင်မှုကို ပေးနိုင်မှသာလျှင်ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး ဒေသတွင်းသို့ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည့်အတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေသည်နှင့်အညီ ဥပဒေပညာနှင့် ပတ်သက်၍ သိရှိနားလည်ရန် လိုအပ်သဖြင့် တက္ကသိုလ်များ၌ ဥပဒေဘာသာရပ်များနှင့် စီးပွားရေးဘာသာရပ်များကိုသင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါပညာရပ်များနှင့်ပတ်သက်၍ ပြန်လည်မျှဝေပေးမည်ဆိုပါက အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ လာရောက်တွေ့ဆုံချိန်တွင် ပြည်ထောင်စုဝန်ကြီးများ အနေဖြင့် ထိုက်သင့်သည့် ဆွေးနွေးမှုများကို ဆောင်ရွက်ပေးသကဲ့သို့ မိမိအနေဖြင့်လည်း နိုင်ငံ့အရေး၊ နိုင်ငံ့စီးပွားတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း၊ မိမိတို့ဆွေးနွေးပြောကြားခဲ့သည့် အကြောင်းအရာများကို ပြန်လည်တွေးခေါ်သုံးသပ်၍ မိမိတို့ဒေသနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

■ ■ ■

# အရှေ့မြောက်တိုင်း စစ်ဌာနချုပ် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၉ - ၉ - ၂၀၂၃ )






နိုင်ငံတော်၌ တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုစီးပွားဘဝတိုးတက်လာခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံ့လူမှုစီးပွားတိုးတက်လာမည်ဆိုပါက နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ ခံစားခွင့်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေရေး ဒေသအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံး အတူတကွဝိုင်းဝန်းကြိုးပမ်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာလ ၉ ရက်နေ့ မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

## ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ခေတ်အဆက်ဆက် အမျိုးသားရေးအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခဲ့ရပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်၊ ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခု လက်ထက်များတွင် နှစ်စဉ်အထိမ်းအမှတ်နေ့များ၌ ဦးတည်ချက်များ၊ တပ်မတော်နေ့ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ရှေးယခင်အစိုးရများ လက်ထက်ကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့်ပတ်သက်၍ ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း

၎င်းတို့ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ၎င်းတို့၏မူဝါဒများကို ရွေးကောက်ပွဲအကြိုကာလတွင် မဲဆန္ဒရှင်များအား ချပြစည်းရုံးဆောင်ရွက်ကြရကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့်ပါတီသည် အစိုးရအဖွဲ့ကို ဖွဲ့စည်း၍ နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် မူဝါဒများကိုချမှတ်၍ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် နိုင်ငံ့အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ၎င်းတို့ အစိုးရသက်တမ်းကုန်ဆုံးချိန်တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ၌မဲရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်၏ လိုအပ်ချက်အရ ဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ စတင်ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကိစ္စနှင့်ပတ်သက်သည့် ဦးတည်ချက်များ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ဦးတည်ချက်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ဦးတည်ချက်များ၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ဦးတည်ချက်များ၊ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ဦးတည်ချက်များ စသည်ဖြင့် ဦးတည်ချက်များကိုချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်ခဲ့သဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံအနေဖြင့် ထိုက်သင့်သလောက် တိုးတက်မှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ သို့သော်လည်းမိမိတို့နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများရှိခြင်းကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ ဘဏ်များပြိုလဲစေရေးအတွက် အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်ခဲ့ခြင်းကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ဘဏ်များပြိုလဲသွားပါက နိုင်ငံ့စီးပွားကိုထိခိုက်ပျက်စီးစေမည်ဖြစ်သောကြောင့် ငွေကြေးဖောင်းပွမှုများမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

မိမိတို့တာဝန်မယူမီကာလအတွင်း နိုင်ငံ၏စီးပွားရေးမှာ အနုတ် ၅ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ မိမိတို့တာဝန်ယူချိန်မှစတင်၍ ပိတ်ဆို့မှုများကြားမှ စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာ တစ်ခုအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ထပ်မံ၍လည်း တိုးတက်မှုရှိမည်ဟု ခန့်မှန်းကြောင်း၊ နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးတက်လာခြင်း

> နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေချိန်၌ အဖျက်လုပ်ငန်းများ ဆောင်ရွက်နေသူများလည်းရှိ၊ တစ်ဖက်မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ၊ မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့၊ ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ယိမ်းယိုင်မှုမရှိစေရေး ဆောင်ရွက်ခြင်းပင်ဖြစ်၊ အဆိုပါအချက်များ အောင်မြင်စေရေး တပ်မတော်သားများအနေဖြင့်လည်း အလေးထားဆောင်ရွက်ရန်လို၊ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရန် ဆောင်ရွက်ရာတွင် မဲစာရင်းများ မှန်ကန်မှုရှိအောင်နှင့် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ရန်လို၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်။

ကြောင့် နိုင်ငံ့စီးပွားရေးမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ကုန်ဈေးနှုန်းများကြီးမြင့်ရခြင်းမှာ နိုင်ငံတကာမှပိတ်ဆို့မှုများနှင့် ဝိသမလောဘသားအချို့၏ ၎င်းတို့ကိုယ်ကျိုးစီးပွားကိုသာကြည့်၍ လုပ်ဆောင်မှုများကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ ထိုသို့ဆောင်ရွက်နေသူများကို ထိုက်သင့်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့သဖြင့် ယခုအခါ ကုန်ဈေးနှုန်းမှာ ကျဆင်းလာပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေချိန်၌ အဖျက်လုပ်ငန်းများဆောင်ရွက်နေသူများလည်းရှိကြောင်း၊ တစ်ဖက်မှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ တပ်မတော်အနေဖြင့်လည်း နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ယိမ်းယိုင်မှုမရှိစေရေး ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များ အောင်မြင်စေရေး တပ်မတော်သားများအနေဖြင့်လည်း အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရန် ဆောင်ရွက်ရာတွင် မဲစာရင်းများမှန်ကန်မှုရှိအောင်နှင့် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ မဲစာရင်းများ ထွက်ပေါ်လာမည်ဖြစ်ပြီး သန်းခေါင်စာရင်းများ ကောက်ယူပြီးစီးပါက ရွေးကောက်ပွဲကိုကျင်းပနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ပြုလုပ်သည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး စနစ်တကျရှိသည့် ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ပြည်သူအားလုံးပါဝင်သည့်၊ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ သန်းခေါင်စာရင်းများကောက်ယူပြီးပါက ရွေးကောက်ပွဲကို အဆောလျင်ဆုံးကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းများ အောင်မြင်စွာကောက်ယူနိုင်ရေး တပ်မတော်အနေဖြင့် ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး နယ်မြေစိုးမိုးရေး၊ နယ်မြေစည်းရုံးရေးအတွက် ဆောင်ရွက်နေရန်လိုကြောင်း။

**မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ဆောင်ရွက်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နယ်မြေခံတပ်များအနေဖြင့် နယ်မြေခံပြည်သူလူထုနှင့် တစ်သားတည်းရှိပြီးဖြစ်၍ မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် ကားလမ်းများ၊ ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် လေဆိပ်အဆင့်မြှင့်တင်ခြင်း

> **ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်၍လည်း နေ့စဉ်ဆောင်ရွက်ရမည့် အားကစားများကို ဆောင်ရွက်နေရန်လို၊ အားကစားများ လုပ်ဆောင်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုများကိုရရှိစေသဖြင့် ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုစေမည်ဖြစ်၊ အလားတူရဲမေများအနေဖြင့်လည်း ကျန်းမာရေးအထောက်အကူပြု အားကစားများလုပ်ဆောင်စေလို၊ ကျန်းမာရေးကိုအထောက်အကူပြုစေမည့် အားကစားများ ပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ခြင်းများကို ဆောင်ရွက်သွားမည်ဆိုပါက ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများ ကြံ့ခိုင်မှုရှိစေမည်ဖြစ်သဖြင့် စနစ်တကျ နေထိုင်သွားကြရန်လိုအပ်။**

လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့ကြောင်း၊ မှီခိုသူ ရဲမေများ အားလုံး စာတတ်မြောက်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသခံတိုင်းရင်းသား ပြည်သူများ "အ"သုံးလုံးသင်တန်းများကို ဖွင့်လှစ်သင်ကြား၍ စာဖတ်တတ်သူများဖြစ်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လားရှိုးမြို့တွင် စိုက်ပျိုးမွေးမြူရေးကောလိပ်ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူလူထု၏ ပညာရည်မြင့်မားရေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်မတော်သား သားသမီးများ၏ ပညာရည်မြင့်မားရေးကိုလည်း အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ သင်ကြားထားသည့် ပညာများကိုအသုံးချ၍ တစ်ဦးချင်း၏ဘဝတိုးတက်စေရေးဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

**စည်းကမ်းစနစ်တကျရှိသည့် တပ်မတော်သားကောင်းများဖြစ်စေရေးနှင့် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိစေရေး**

မိမိတို့တပ်မတော်၏ ပင်မလုပ်ငန်းတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးပင်ဖြစ်ကြောင်း၊ တပ်မတော်သားများအားလုံး တစ်ဦးချင်း၏ ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်နေရန်လိုကြောင်း၊ တစ်ဦးချင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အလေ့အကျင့်ဖြစ်အောင် နေ့စဉ်လေ့ကျင့်ဆောင်ရွက်နေရန်နှင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း နေထိုင်လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက တပ်မတော်သားကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ တပ်မတော်သည် အစုအဖွဲ့ဖြင့် တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပြီး အခြေခံအကျဆုံးအဆင့်မှစ၍ စစ်ပညာများကိုတတ်မြောက်ကျွမ်းကျင်ထားရန်လိုကြောင်း၊ သက်ဆိုင်ရာလက်ရုံးတပ်ဖွဲ့အလိုက် သက်ဆိုင်ရာပညာရပ်များအားလုံးကိုလည်း တတ်ကျွမ်းအောင် သင်ကြားထားရန်လိုကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး မိမိတို့တာဝန်များကို အလေးထားလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှု ရှိစေမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများကို တာဝန်ရှိသူများ အနေဖြင့် စနစ်တကျ ဖော်ဆောင်ပေးသွားရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်၍လည်း နေ့စဉ်ဆောင်ရွက်ရမည့် အားကစားများကို ဆောင်ရွက်နေရန်လိုကြောင်း၊ အားကစားများလုပ်ဆောင်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုများကိုရရှိစေသဖြင့် ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူရဲမေများအနေဖြင့်လည်း ကျန်းမာရေးအထောက်အကူပြု အားကစားများလုပ်ဆောင်စေလိုကြောင်း၊ ကျန်းမာရေးကိုအထောက်အကူပြုစေမည့် အားကစားများပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသောက်ခြင်းများကို ဆောင်ရွက်သွားမည်ဆိုပါက ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာများ ကြံ့ခိုင်မှုရှိစေမည်ဖြစ်သဖြင့် စနစ်တကျဖြင့် နေထိုင်သွားကြရန်လိုအပ်ကြောင်းမှာကြားသည်။

■ ■ ■

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့် (၁) စိုက်ပျိုးမွေးမြူရေး စခန်း၌ နို့စားနွား၊ အသားစားနွားနှင့် ဒေသနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၁၀ - ၉ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာလ(၁၀)ရက်နေ့ နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့် (၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက ကုန်းမြင့်(၁)စိုက်ပျိုးမွေးမြူရေးစခန်း၌ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ နေပီယာမြက်၊ မုံပါးစားမြက်နှင့် တစ်သျှူးငှက်ပျောတို့ကို စိုက်ပျိုးထားရှိမှု၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ ဖရီရှန်နို့စားနွား၊ ဘရာမင်အသားစားနွား၊ ဒေသနွား(နွားပြာစိမ်း)၊ ဆိတ်၊ DYL ဝက်နှင့် ငါး၊ ဥစားကြက်နှင့် အသားစားကြက်များ မွေးမြူဆောင်ရွက်လျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိလာသည့် အသား၊ ငါး၊ နို့နှင့် ဥများကို တပ်မတော်သားမိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ် တိရစ္ဆာန်အစာစပ်လုပ်ငန်းမှ ကြက်စာနှင့် ဝက်စာများ ထုတ်လုပ်လျက်ရှိမှုနှင့် ပိုလျှံသည်များကိုသက်သာသော ဈေး နှု န်း များ ဖြ င့် ရော င်း ချ ပေး လျ က် ရှိ သ ည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိုးစပါးစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို စိုက်ပျိုးရန်လိုကြောင်း၊

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဧကချင်း အထွက်နှုန်းများတိုးတက်စေရေး အခြေခံအချက်များ ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းစသည်များကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို တပ်ရင်းတပ်ဖွဲ့များနှင့် ပိုလျှံပါက ဒေသ အတွင်း၌ပါ စိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေးရန်လိုကြောင်း၊ နေကြာစိုက်ပျိုးမှုကိုလည်း စနစ်တကျစိုက်ပျိုး၍ အထွက်နှုန်းများ ယခုထက် တိုးတက်အောင်ဆောင်ရွက်ရန်လိုပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် စံပြအဖြစ် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်သျှူး ငှက်ပျောများကို တပ်ရင်းတပ်ဖွဲ့များ၌သာမက ဒေသ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပါ စိုက်ပျိုးနိုင်ရန် အတွက် တစ်သျှူးငှက်ပျောမျိုးများကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချဆောင်ရွက်ပေးရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ နို့စားနွား၊ အသားစားနွား၊ ဒေသနွား၊ DYL ဝက်၊ ဥစားကြက်၊ အသားစားကြက်နှင့် ငါးများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူရန်လိုကြောင်း၊ ထွက်ရှိလာသည့် အသား၊ ငါးနှင့် ဥများကိုတပ်မတော်သား မိသားစုဝင်များကိုသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသကဲ့သို့ ပိုလျှံသည့်အသား၊ ငါးနှင့် ဥများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ ပြည်သူလူထုကို ရောင်းချပေးခြင်းဖြင့် ကုန်ဈေးနှုန်းမြင့် တက်မှုကိုအထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ် အစာစပ်လုပ်ငန်းများမှထွက်ရှိသည့် တိရစ္ဆာန်အစာများကိုလည်း ပိုလျှံမှုများရှိပါက ဒေသခံ မွေးမြူရေးလုပ်ငန်းများသို့ ရောင်းချပေးရန်လိုကြောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ ဒေသ တွင်း၌ စံပြဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား

( ၁၀ - ၉ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရတနာခန်းမ၌ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ နယ်ခြားစောင့်တပ်ဖွဲ့ကြီးကြပ်ရေး ခေါင်းဆောင်ဗိုလ်မှူးကြီးဝေဆန်း (အငြိမ်းစား)၊ နမ့်ခမ်းမြို့မ၊ ပြည်သူ့စစ်ခေါင်းဆောင် ဦးအိုက်ဆမ်၊ ပန်ဆေး ပြည်သူ့စစ်ခေါင်းဆောင် ဦးကျော်မြင့်၊ မန်ပန်ပြည်သူ့စစ်ခေါင်းဆောင်ဦးစိုင်းမွန်၊ စိန်ကြေ့ပြည်သူ့စစ်ခေါင်းဆောင် ဦးလွယ်မောင်၊ မုံးစီးပြည်သူ့စစ်ခေါင်းဆောင် ဦးစိုင်းမွန်းနှင့် ထင်ပါကျိုင်းပြည်သူ့စစ်ခေါင်းဆောင် ဦးခင်မောင်လွင်တို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသသည် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိပြီး ပို့ကုန်၊ သွင်းကုန်များကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့်ကုန်သွယ်ရေးဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံရေး၊ စီးပွားရေးအရ အရေးကြီးသော ဒေသဖြစ်ကြောင်း၊ ဒေသတွင်းထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့များများတင်ပို့နိုင်ရန်အတွက် ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန်နှင့် အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများ ဖြစ်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသကို လူမှုစီးပွား

ဘဝ ဖွံ့ဖြိုးတိုးတက်စေလိုပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်းရှိ ပြည်သူများသည် ငြိမ်းချမ်းစွာနေထိုင်လုပ်ကိုင်လိုသည့်စိတ်ရှိကြကြောင်း၊ ထို့ကြောင့် မိမိတို့နယ်မြေအလိုက် ဒေသခံပြည်သူများကို ငြိမ်းချမ်းလိုသောစိတ်အရင်းခံဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွဝိုင်းဝန်း ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံ၌ လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသ၌ ယခင်က တရုတ်ဖြူ (ကူမင်တန်) ကျူးကျော်မှုများရှိခဲ့ပြီး ၎င်းတို့ ပြန်လည်ဆုတ်ခွာချိန်တွင် လက်နက်ကိုင်သောင်းကျန်းမှုများ ကျန်ရှိနေခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) များမှဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင်ဆောင်သည့် ပြဿနာများသည် ယခုအချိန်အထိ ကျန်ရှိနေသေးကြောင်း။

ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်ကို လုံခြုံရေးအရ အင်အားဖြည့်ပေးနေသည့်အင်အားစုတစ်ရပ်ပင်ဖြစ်ပြီး နိုင်ငံချစ်စိတ်ဖြင့် နယ်မြေတည်ငြိမ်အေးချမ်းအောင် တာဝန်သိစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့၏ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်နေသည့် အဖွဲ့များဖြစ်သည့်အတွက် လေးစားအသိအမှတ်ပြုပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရခြင်းကို ကြည့်မည်ဆိုပါက နိုင်ငံရေးအရသဘောထားကွဲလွဲမှုများ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ စသည်တို့ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

**သဘောထားကွဲလွဲမှုများ**

နိုင်ငံရေးအရသဘောထားကွဲလွဲမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်ပိုင်း နိုင်ငံရေးအယူဝါဒများနှင့်ပတ်သက်ပြီး ခေတ်အဆက်ဆက် သဘောထားကွဲလွဲမှုများရှိခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံရေးအယူဝါဒနှင့် ပတ်သက်၍ ဖြေလျှော့လာခဲ့ကြောင်း၊ တိုင်းရင်းသားရေးအရဖြစ်ပေါ် လာသည့် လက်နက်ကိုင်ပဋိပက္ခများသည် နယ်ချဲ့များထားရှိခဲ့သည့် ဆိုးမွေတစ်ခုဟုပြောနိုင်ကြောင်း၊ တိုင်းရင်းသားရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့်ပတ်သက်၍ ခွဲဝေပေးထားပြီးဖြစ်သဖြင့် တိုင်းရင်းသားရေးနှင့်ပတ်သက်၍ ခွဲခြားမှုမရှိသည်ကို တွေ့မြင်နိုင်ကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်လည်း အတိအကျပြဋ္ဌာန်းထားရှိပြီးဖြစ်သဖြင့် ဘာသာရေးကို အကြောင်းပြု၍ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့်လွတ်တော်လမ်းကြောင်းပေါ်သို့ အားလုံးပါဝင်ရောက်ရှိလာရန်နှင့် မိမိတို့၏ လိုလားချက်များနှင့် အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တင်ပြတောင်းဆိုကြရန်လိုကြောင်း။

ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေး ဆောင်ရွက်ရာတွင် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်တွင် တိုင်းရင်းသားကို အခြေခံသည့် ဖက်ဒရယ်နှင့် ဒေသကိုအခြေခံသည့်ဖက်ဒရယ်ဟူ၍ရှိပြီး ကမ္ဘာ့နိုင်ငံအများစုတွင် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည် ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်သည်သာလျှင် အသင့်တော်ဆုံးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းရင်းသားတို့၏ အရေးကိုသာ တောင်းဆိုလျက်ရှိပြီး ဒေသအရေးကို တောင်းဆိုမှုအားနည်းကြောင်း၊ လူတစ်စုကို ကိုယ်စားပြုသည့်အဖွဲ့အစည်းများဖြစ်၍မရဘဲ ဒေသကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများဖြစ်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ အနေဖြင့် မိမိတို့နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်လာနိုင်ရေး ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း။

**ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ**

ယနေ့ တွေ့ဆုံမှုသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးနိုင်ရန် ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်မှုမှာ နှစ်နှစ်ကျော်ကာလသို့ ရောက်ရှိပြီဖြစ်ကြောင်း၊ မိမိတို့ အနေဖြင့်လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လူပုဂ္ဂိုလ် ဦးစားပေး၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံအတွက် မဖြစ်သင့်သည့် ကိစ္စရပ်များဖြစ်ပေါ်ခဲ့ကြောင်း၊ ဒီမိုကရေစီအစိုးရဒုတိယသက်တမ်းတွင် နိုင်ငံ၏အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာများတွင် ပြည်ပနိုင်ငံများ၏ အကြံဉာဏ်များကိုခံယူ၍ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ပြည်ပနိုင်ငံများ၏ဩဇာအောက်သို့ မသိမသာရောက်ရှိနေခြင်းသည် တစ်နည်းအားဖြင့် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကို ဆုံးရှုံးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ သဟဇာတဖြစ်နေရန် လိုအပ်သော်လည်း ဩဇာခံဖြစ်၍မရကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုကာ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများနှင့်လည်း သဟဇာတဖြစ်သည့် ဆက်ဆံမှုရှိရန်လိုပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ဥပဒေများကို လေးစားရန်လိုသကဲ့သို့ မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေကိုလိုက်နာရန်နှင့် တန်ဖိုးထားရန်လိုကြောင်း။

> **နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ သဟဇာတဖြစ်နေရန် လိုအပ်သော်လည်း ဩဇာခံဖြစ်၍မရ၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုကာ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိ၊ အိမ်နီးနားချင်းနိုင်ငံများ နှင့်လည်း သဟဇာတဖြစ်သည့် ဆက်ဆံမှုရှိရန်လိုပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် အညီ ဆောင်ရွက်ရမည်ဖြစ်၊ အခြားနိုင်ငံများ၏ ဥပဒေများကို လေးစားရန်လိုသကဲ့သို့ မိမိတို့ နိုင်ငံ၏တည်ဆဲဥပဒေကိုလိုက်နာရန်နှင့် တန်ဖိုးထားရန်လို။**

**ဒီမိုကရေစီနည်းလမ်းဖြင့်သာ ဆောင်ရွက်**

ဒေသတွင်းရှိ ပြည်သူလူထုမှအစပြု၍ အုပ်ချုပ်သူများအထိ တစ်သမတ်တည်းသော တူညီသည့်သဘောထားရှိရန်လိုပြီး မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များကို အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့် ဒေသခံများ၏ အကျိုးစီးပွားအတွက် လိုလားချက်နှင့် တောင်းဆိုချက်များကို ဒီမိုကရေစီနည်းလမ်းဖြင့်သာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးထားသည့် လမ်း၊ တံတား၊ အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးခြင်း၊ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းနိုင်ရေးကို အနှောင့်အယှက်များဖြစ်ပေါ်စေခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဒေသကိုထိခိုက်နစ်နာစေကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ပဋိပက္ခများဖြစ်ပေါ်နေသည့် ဒေသရှိပြည်သူများ၏ ပညာသင်ကြားရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေလျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိသည့် နယ်မြေနှင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေတို့

နှိုင်းယှဉ်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့်နယ်မြေတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့များစွာကွာဟသွားသည်ကိုတွေ့ရကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်ရေး အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း။

**လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ဝိုင်းဝန်းဆောင်ရွက်**

မိမိတို့ နယ်မြေအလိုက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် မဲစာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ လူဦးရေစာရင်းများ ကြိုတင်ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဟူသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့်လူမှုစီးပွားဘဝကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ့စီးပွား တိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်များထုတ်လုပ်ရာတွင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့်ကုန်ကြမ်းများကို အသုံးချ၍ စက်မှုထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဒေသတွင်း၌ စက်မှုကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဒေသအတွင်းရှိ ပြည်သူများအနေဖြင့် ဦးစားပေးဆောင်ရွက်ကြစေလိုပြီး ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏အကျိုးကို ရေရှည်မျှော်တွေး၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး လားရှိုးလေယာဉ်ကွင်းကို ဂျက်လေယာဉ်များဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့စေရေးနှင့် လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာစေရေးအတွက် မီးရထားလမ်းများ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကားလမ်းများ အဆင့်မြှင့်တင်ခြင်းများကို လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသတွင်းမှ ထွက်ရှိသည့်သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ကုန်ကြမ်းပစ္စည်းများအဖြစ်

> **ဒေသတွင်းမှ ထွက်ရှိသည့်သဘာဝ သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ကုန်ကြမ်းပစ္စည်းများအဖြစ် အသုံးပြုခြင်းထက် တန်ဖိုးမြှင့်ကုန်ချောထုတ်ကုန်များကို ထုတ်လုပ်ရောင်းချနိုင်ရန်လို၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတွင် ကော်ဖီ၊ လက်ဖက်၊ ပြောင်း၊ နေကြာများကို များစွာ စိုက်ပျိုးကြပြီး အဆိုပါထွက်ကုန်များဖြင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်၊ အလားတူ စားရေးအတွက် လိုအပ်သည့် မွေးမြူရေး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မွေးမြူရေး လုပ်ငန်းများကို စနစ်တကျဖြင့်အောင်မြင် အောင် ဆောင်ရွက်နိုင်ရန်လို၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို အောင်မြင် ဖြစ်ထွန်းအောင်ဆောင်ရွက်၍ တန်ဖိုးမြှင့် ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ ရောင်းချနိုင်၊ ထို့ကြောင့် လားရှိုးဒေသတွင် စက်မှုဇုန်နှင့်မွေးမြူရေးဇုန် တည်ထောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်။**

အသုံးပြုခြင်းထက် တန်ဖိုးမြှင့်ကုန်ချောထုတ်ကုန်များကို ထုတ်လုပ်ရောင်းချနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတွင် ကော်ဖီ၊ လက်ဖက်၊ ပြောင်း၊ နေကြာများကို များစွာစိုက်ပျိုးကြပြီး အဆိုပါထွက်ကုန်များဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ စားရေးအတွက် လိုအပ်သည့် မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်ကြောင်း၊ ထို့ကြောင့်လားရှိုးဒေသတွင် စက်မှုဇုန်နှင့် မွေးမြူရေးဇုန် တည်ထောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

**အတူတကွလက်တွဲ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့နှင့် အတူတကွလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ဒေသနှင့် ဒေသခံများ၏အကျိုး၊ နိုင်ငံတော်အကျိုးကိုကြည့်၍ မိမိတို့တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလိုအပ်သည်များ နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# မြန်မာအမျိုးသားလေကြောင်း (MNA) (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၆ – ၉ – ၂၀၂၃ )





ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်း (Myanmar National Airlines –MNA) ၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားကို စက်တင်ဘာလ(၁၆)ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ Melia Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာအမျိုးသားလေကြောင်းမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် မြန်မာအမျိုးသားလေကြောင်းမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**အောင်မြင်မှုမှတ်တိုင်များ စိုက်ထူ**

ထို့နောက် အခမ်းအနားကို LED Animation ဖြင့် စတင်ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအမျိုးသားလေကြောင်း၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင်လေယာဉ်ခရီးစဉ်များ၊ လေကြောင်းလိုင်းပြေးဆွဲမှုများဟု ပြောလိုက်ပါက မိမိအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ရင်ထဲ၌ အရင်ဦးဆုံးပြေးမြင်မိသည်မှာ UBA နှင့် BAC ပင်ဖြစ်ပါကြောင်း၊ **မြန်မာ့လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာသည့် UBA နှင့် BAC သည် ပြည်တွင်းလေကြောင်းခရီးစဉ်များကိုသာမက ဒေသတွင်းပြည်ပနိုင်ငံများနှင့် ခရီးစဉ်များကိုပါပြေးဆွဲခဲ့ပြီး သမိုင်းတစ်ခေတ်တွင် အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့**သည်ကိုတွေ့ရပါကြောင်း၊ ထို့ကြောင့်လည်း ပြည်သူလူထု၏ရင်ထဲတွင်ရှိနေခဲ့ခြင်းဖြစ်ပြီး ဂုဏ်ယူဖွယ်ရာလည်း

ဖြစ်ပါကြောင်း၊ **လေကြောင်းပို့ဆောင်ရေးစနစ် အောင်မြင်နိုင်ရေးဆိုရာတွင် လေကြောင်းလိုင်းများ၏ လေယာဉ်အမှုထမ်းများ စွမ်းရည်ကောင်းမွန်မှုသာမက လေယာဉ်ကွင်းများ၊ လေဆိပ်ဝန်ဆောင်မှုများလည်း ကောင်းမွန်ရန်လို**ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လေယာဉ်ပြေးလမ်းများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းများ ပြုလုပ်ပေးနေသကဲ့သို့ လေဆိပ်ဝန်ဆောင်မှုများ ကောင်းမွန်စေရန်လည်း ဖြစ်နိုင်သမျှ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေပါကြောင်း၊ အလားတူ လေဆိပ်တွင်တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအသီးသီး၏ စွမ်းဆောင်ရည် ကောင်းမွန်ရန်လည်း လိုပါကြောင်း။

**အလေးအနက်ထား ဆောင်ရွက်**

နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လေကြောင်းပို့ဆောင်ရေးကဏ္ဍသည် အရေးပါသည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ လေကြောင်းခရီးနှင့်သွားလာခြင်းသည် ငွေကြေးကုန်ကျမှုများသော်လည်း အချိန်တိုအတွင်း လိုရာခရီးသို့ရောက်နိုင်ပြီး လုပ်ငန်းတွင်ကျယ်မှုလည်းရှိစေပါကြောင်း၊ ထို့ကြောင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍကို အလေးအနက်ထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

မြန်မာအမျိုးသားလေကြောင်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်တွင် **"ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့" (Union of Burma Airways – UBA)** အမည်ဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၇၂ ခုနှစ်တွင် **"လေကြောင်း ပို့ဆောင်ရေးကော်ပိုရေးရှင်း" (Burma Airways Corporation–BAC)**၊ ၁၉၈၉ ခုနှစ်တွင် **"မြန်မာ့လေကြောင်း"(Myanma Airways–MA)**၊ ၂၀၁၅ ခုနှစ်တွင် **"မြန်မာအမျိုးသားလေကြောင်း" (Myanmar National Airlines – MNA)** အဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပြည်တွင်း၊ ပြည်ပလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို ထမ်းဆောင်ခဲ့ပါကြောင်း။

**မြန်မာအမျိုးသားလေကြောင်းအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုမျှော်မှန်းပြီး ခေတ်အဆက်ဆက် နိုင်ငံတော်ကပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ကောင်းမွန်သည့်အစဉ်အလာနှင့်သမိုင်းကြောင်းကို ထာဝစဉ်ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် တိုက်တွန်းလို**ပါကြောင်း၊ မြန်မာအမျိုးသား လေကြောင်းအနေဖြင့် ဝေးလံပြီး သွားလာမှုခက်ခဲသည့် ဒေသတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးကိစ္စရပ်များ အဆင်ပြေစွာဖြင့် အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်ရန်နှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအကြား ဆက်သွယ်ပျံသန်းပို့ဆောင်နေသည့် လေကြောင်းလိုင်းဖြစ်သည်နှင့်အညီ လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

ပြည်ပခရီးစဉ် ပျံသန်းမှုများအနေဖြင့်လည်း ထိုင်း၊

> **မြန်မာအမျိုးသားလေကြောင်းအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုမျှော်မှန်းပြီး ခေတ်အဆက်ဆက် နိုင်ငံတော်က ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ကောင်းမွန်သည့်အစဉ်အလာနှင့်သမိုင်းကြောင်းကို ထာဝစဉ်ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် တိုက်တွန်းလို၊ မြန်မာအမျိုးသား လေကြောင်းအနေဖြင့် ဝေးလံပြီး သွားလာမှု ခက်ခဲသည့် ဒေသတွင်ရှိသည့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးကိစ္စရပ်များ အဆင်ပြေစွာဖြင့် အချိန်တိုအတွင်း သယ်ယူပို့ဆောင် ပေးနိုင်ရန်နှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများအကြား ဆက်သွယ် ပျံသန်းပို့ဆောင်နေသည့် လေကြောင်းလိုင်း ဖြစ်သည်နှင့်အညီ လေကြောင်းသယ်ယူ ပို့ဆောင်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်သွားရန်လို။**

စင်ကာပူ၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယစသည့်နိုင်ငံများကို ပုံမှန်ခရီးစဉ် (Schedule Flight)များ ပျံသန်းနေသည့်အပြင် ဗုဒ္ဓဂယာဘုရားဖူးစင်းလုံးငှား (Charter Flight) ခရီးစဉ်များကိုလည်း ပျံသန်းပြေးဆွဲလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မကြာမီတွင်လည်း ဒေသတွင်းနိုင်ငံများသို့ Cargo လေယာဉ်ခရီးစဉ် စတင်ပျံသန်းမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် လေကြောင်းကုန်စည်ပို့ဆောင်မှုကဏ္ဍတွင် MNA အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပြီး အောင်မြင်စေရေးအတွက်လည်း ဆုမွန်ကောင်းတောင်းပါကြောင်း။

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစပြီး အသက်အန္တရာယ်စိုးရိမ်ရသည့် ကူးစက်မြန် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံးနိုင်ငံတိုင်း၏ စီးပွားရေးကဏ္ဍ ကျဆင်းမှုဖြစ်ခဲ့ရသကဲ့သို့ လေကြောင်းခရီးသွားလာ ပို့ဆောင်မှုအပေါ်တွင်လည်း များစွာသက်ရောက်မှုရှိခဲ့ပါကြောင်း၊ ယခုပြန်လည်နာလန်ထူလာပြီး ခရီးစဉ်ပေါင်းများစွာ၊ လေယာဉ်ပေါင်းများစွာ တိုးချဲ့ပြေးဆွဲနေသည်ကိုတွေ့ရပါကြောင်း၊ ထိုကဲ့သို့တိုးချဲ့ပြေးဆွဲနိုင်ခြင်းသည် လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အကျိုးဖြစ်ထွန်းမှုရှိခြင်းကြောင့်သာဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မြန်မာအမျိုးသားလေကြောင်းအနေဖြင့်လည်း **"ကမ္ဘာကြည့် ကြည့်မြင်"** ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလ လေကြောင်းခရီးသွားစီးပွားရေးကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည့် အချိန်ကာလကိုရောက်ရှိလာပြီဖြစ်သဖြင့် မြန်မာအမျိုးသားလေကြောင်းအနေဖြင့်ဈေးကွက်သုတေသနကိုအလေးထားပြုလုပ်စေလိုပါကြောင်း၊ **ပြောင်းလဲတိုးတက်လာသည့်အခြေအနေနှင့်လိုက်လျောညီထွေစွာ ခရီးသည်နှင့်ကုန်စည်ရရှိမှုအပေါ်မူတည်ပြီး လေယာဉ်စင်းရေတိုးချဲ့မှုများ၊ လက်ရှိပြေးဆွဲနေသည့်ခရီးစဉ်များကို ခေါက်ရေတိုးမြှင့်ပြေးဆွဲမှုများ၊ ခရီးစဉ်များကိုတိုးချဲ့ပြေးဆွဲမှုများဆောင်ရွက်သွားရန် ကြိုးစားသွားရမည်ဖြစ်**ပါကြောင်း၊ ကုန်စည်ပို့ဆောင်ရေးခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲပျံသန်းရန် စီစဉ်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ပို့ကုန်၊ သွင်းကုန်ကိုတိုးမြှင့်တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးရာရောက်မည်လည်းဖြစ်ပါကြောင်း။

လေကြောင်းလိုင်းကို ဦးစီးတာဝန်ယူဆောင်ရွက်နေသူများကအစ အောက်ခြေဝန်ထမ်းများအဆုံး အားလုံးက တက်ညီလက်ညီ၊ စည်းလုံးညီညွတ်စွာဖြင့် မိမိကိုယ်ပိုင်စီးပွားရေးကဲ့သို့ သဘောထားဆောင်ရွက်သွားကြမှသာလျှင် တိုးတက်အောင်မြင်မှုရနိုင်မည်ဖြစ်ပြီး ရေရှည်ရှင်သန်ရပ်တည်သွားနိုင်မည်ဖြစ်ကြောင်းကိုလည်း မှာကြားလိုပါကြောင်း။

**အချိန်မှန်ကန်ရေး အလေးထားဆောင်ရွက်**

လေကြောင်းနှင့် ခရီးသွားကြသူများသည် အချိန်တိုအတွင်းမိမိသွားလိုသည့်နေရာကို ရောက်ရှိလိုကြသူများဖြစ်သည့်အတွက် ခရီးစဉ်များပျံသန်းပြေးဆွဲရာမှာ အချိန်မှန်ကန်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာလျှင် Connection Flight နှင့် ဆက်သွားကြရမည့် ခရီးသည်များအတွက် အဆင်ပြေမှုရှိစေမည်ဖြစ်ပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်း၏ခရီးစဉ်များ အချိန်မှန်မှုရှိလာသည်နှင့်အမျှ ပြည်တွင်း၊ ပြည်ပခရီးသွားများအနေဖြင့် မြန်မာအမျိုးသားလေကြောင်းအပေါ် ယုံကြည်အားကိုးလာကြမည်ဖြစ်ပြီး အခြားလေကြောင်းလိုင်းများနှင့် ယှဉ်ပြိုင်ရာတွင် ခရီးသွားများရွေးချယ်မှုအများဆုံးအခြေအနေသို့ ရောက်ရှိလာမည်ကို အလေးအနက်ထားပြီး မှာကြားလိုပါကြောင်း။

ပြည်တွင်း၊ ပြည်ပ ခရီးသည်များ မြန်မာအမျိုးသားလေကြောင်းနှင့်ခရီးသွားရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာသွားလာနိုင်ရေးသည်လည်း အဓိကကျသည့် အချက်တစ်ချက်ဖြစ်ပါကြောင်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည့် Rules and Regulation များ၊ SoP များကိုလည်း တိကျစွာလိုက်နာကြရန် လိုကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

**မြန်မာအမျိုးသားလေကြောင်းကို (၇၅) နှစ်၊ စိန်ရတုတိုင် ရှင်သန်ရပ်တည်နိုင်ရေး ခေတ်အဆက်ဆက်ကကြိုးပမ်းဆောင်ရွက်ပေးကြသူများ၊ ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံးကို ဂုဏ်ယူအသိအမှတ်**ပြုပါကြောင်းနှင့် မြန်မာအမျိုးသားလေကြောင်း အနာဂတ်ကာလရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပေးထားသည့် စီမံခန့်ခွဲရေးအဖွဲ့ကဦးဆောင်ပြီး ပါဝင်ဆောင်ရွက်နေကြသည့်

ကဏ္ဍအလိုက်ဦးဆောင်တာဝန်ခံများ၊ ဝန်ထမ်းများအားလုံး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ **မြန်မာအမျိုးသားလေကြောင်း အခွန့်ရှည်အောင်မြင်စွာ ရပ်တည်နိုင်ပါစေ**ကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# စာဆိုတော်ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲတွင် ဆွေးနွေးပြောကြားသည့် အမှာစကား

( ၂၃ - ၉ - ၂၀၂၃ )



စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များ နှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီး များ၊ စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် ဆောင်ရွက် ကြမည့်ပညာရှင်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာန အသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် အခမ်းအနားသို့ ရောက်ရှိ ကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ် မြောက် မွေးနေ့ အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်၍ စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ ဘဝမှတ်တမ်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ ရေးသား ပြုစုတော်မူခဲ့သည့် စာပေ နှင့် ပေကျမ်းများ၊ ခေတ်ပြိုင်စာဆိုတော်များ၊ စာဆိုတော် ရှင်မဟာရဋ္ဌသာရကို ဂုဏ်ပြုရေးသားထားသည့် ဆောင်းပါး များ ခင်းကျင်းပြသထားရှိမှုကို စိတ်ဝင်တစားကြည့်ရှု လေ့လာပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပြန်လည်ဆွေးနွေး ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများသည် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကပြဖျော်ဖြေတင် ဆက်ကြသည့် **"ကျေးဇူးသစ္စာ ပန်းအလင်္ကာ"** ဂုဏ်ပြုတေးဂီတ ကဇာတ် (ပထမပိုင်း)ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"ကျေးဇူးသစ္စာ ပန်းအလင်္ကာ"** ဂုဏ်ပြုတေးဂီတ ကဇာတ် (ဒုတိယပိုင်း)ကို ဆက်လက်ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

■ ■ ■

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

## ( ၂၇ - ၉ - ၂၀၂၃ )



၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ် စက်တင်ဘာ ၂၇ ရက်၌ ကမ္ဘာတစ်ဝန်းမှ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများတွင် ပြုလုပ်လျက်ရှိပြီး ခရီးသွားလုပ်ငန်း၏အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီးရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်နိုင်စေရန် ဖြစ်ပါကြောင်း။

ထိုသို့ကျင်းပပြုလုပ်ရာတွင် ခရီးသွားလုပ်ငန်း၏ ဖြစ်ပေါ်ပြောင်းလဲမှုများကို ထင်ဟပ်စေရန် လတ်တလော ဖြစ်ပေါ်လျက်ရှိသော အခြေအနေနှင့်ကိုက်ညီသည့် ဆောင်ပုဒ်များကို နှစ်အလိုက်သတ်မှတ်ပြီး ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဦးတည်ဆောင်ပုဒ်အဖြစ် **"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ပေး" "Tourism and Green Investments"** ကို

သတ်မှတ်ထားပါကြောင်း။

၂၀၂၀ ပြည့်နှစ်မှစတင်ပြီး ကမ္ဘာတစ်ဝန်း ပျံ့နှံ့ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများသည် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေး၊ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ ခရီးသွားကဏ္ဍမှ အလုပ်အကိုင်ဖန်တီးမှုသည် ၇၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားခဲ့သကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ ဘီလီယံမှ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံထိ ကျဆင်းသွားခဲ့သည်ဟု သိရှိရပါကြောင်း။

**ဦးဆောင်နေရာမှရပ်တည်နေ**

ခရီးသွားလုပ်ငန်းကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမှုတွင် ဦးဆောင်နေရာမှရပ်တည်နေသည့်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာပေါ်တွင်ရှိသည့် လုပ်သားဦးရေ ၁၀ ဦးလျှင် တစ်ဦးက ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နေသူများဖြစ်ပြီး အမျိုးသမီးနှင့်လူငယ်များအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အခွင့်အလမ်းလည်းများစွာမြင့်မားပါကြောင်း၊ သို့သော် အချို့သောအလားအလာရှိသည့် ခရီးစဉ်ဒေသများတွင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် အတတ်ပညာများ သင်ကြားနိုင်မှုအခွင့်အလမ်း နည်းပါးခြင်းကြောင့် လူငယ် ၅၀ ရာခိုင်နှုန်းခန့်သည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်ရန်အတွက် အဟန့်အတားဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းများအရ လာမည့် ၂၀၃၀ ပြည့်နှစ်အထိ တစ်နှစ်လျှင် အလုပ်အကိုင်ပေါင်း ၈ သိန်းကျော်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် ရင်းနှီးမြှုပ်နှံရန် လိုအပ်နေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်း ရေရှည်တိုးတက်ရန်ပြည်သူများအတွက် ရင်းနှီးမြှုပ်နှံကြရန် အရေးကြီးသည့်ကဏ္ဍတစ်ရပ်အနေဖြင့် သတ်မှတ်ထားခြင်းဖြစ်သည်ကို သက်ဆိုင်သူများက အလေးထားကြရန် လိုပါကြောင်း။

ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေသည့် ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အဦများကို တည်ဆောက်ရာ၌ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးပြုပြီး စွမ်းအင်ချွေတာရေးနည်းလမ်းများနှင့် ဆောင်ရွက်သည့် အစိမ်းရောင်အဆောက်အအုံများ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန် လိုအပ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများတိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းလမ်းများနှင့် စီးဝင်စေခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့် မီးခိုးမထွက်သည့် စက်ရုံ (Smokeless Industry) တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်းကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရေးပါသည့်လုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ပြည်တွင်း၊ ပြည်ပခရီးသွား

> **ခရီးသွားလုပ်ငန်းကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမှုတွင် ဦးဆောင်နေရာမှရပ်တည်နေသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာပေါ်တွင်ရှိသည့် လုပ်သားဦးရေ ၁၀ ဦးလျှင် တစ်ဦးက ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်နေသူများဖြစ်ပြီး အမျိုးသမီးနှင့် လူငယ်များအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု အခွင့်အလမ်းလည်း များစွာမြင့်မား၊ သို့သော် အချို့သောအလားအလာရှိသည့် ခရီးစဉ်ဒေသများတွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် အတတ်ပညာများ သင်ကြားနိုင်မှုအခွင့်အလမ်းနည်းပါးခြင်းကြောင့် လူငယ် ၅၀ ရာခိုင်နှုန်းခန့်သည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်ရန်အတွက် အဟန့်အတားဖြစ်နေသည်ကို တွေ့ရှိရ။**

ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက် နေကြသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်း မှုရှိခြင်းသည် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေသောကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက် ရန်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ တည်ငြိမ် အေးချမ်းရေးကို ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**ခရီးစဉ်ဒေသဖော်ထုတ်**

မိမိတို့နိုင်ငံတွင် သဘာဝတရားကြီးကပေးထားသည့် အကြီးမားဆုံးလက်ဆောင်ဖြစ်သည့် မြေပေါ်၊ မြေအောက် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အလားတူ အဖိုးမဖြတ် နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိပါကြောင်း၊ အဆိုပါသဘာဝအရင်းအမြစ် ယဉ်ကျေးမှုအမွေအနှစ် များကို အခြေခံပြီး ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင် မှုများအဖြစ် ဖော်ထုတ်ပြီး ဖိတ်ခေါ်ပြသသည့် ခရီးသွား လုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစား ဆောင်ရွက်ကြ ရမည်ဖြစ်ပါကြောင်း။

ယနေ့အချိန်အခါ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ လျော့နည်းလာပြီး ကမ္ဘာ့နိုင်ငံအသီးသီးက ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လာ ကြပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ပထမသုံးလပတ်ကာလ၌ ကမ္ဘာလှည့်ခရီးသည် ၂၃၅ သန်း ဝင်ရောက်ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် နှစ်ဆ၊ ကိုဗစ်-၁၉ ကပ်ရောဂါ မတိုင်မီကာလ၏ ၈၀ ရာခိုင်နှုန်း အထိ ရောက်ရှိခဲ့ပြီး တိုးတက်မှုရှိသည်ကို သိရပါကြောင်း။

**ခြောက်ဆခန့်တိုးတက်လာ**

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှ စတင်ကာ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည် စတင်ပြေးဆွဲခွင့်ပြုခဲ့ပြီး ကမ္ဘာလှည့် e-visa ကို မေလ ၂၀ ရက်က စတင်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ပြည်ပနိုင်ငံအသီးသီးမှ လေဆိပ်၊ ရေဆိပ်နှင့်နယ်စပ် စသည့် နိုင်ငံတကာဝင်ပေါက်အသီးသီးမှ နိုင်ငံတကာခရီးသွား စုစုပေါင်း နှစ်သိန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်ကထက် ၄၃ ရာခိုင်နှုန်းကျော် တိုးတက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်ပေးနိုင်ခဲ့သည့် အတွက် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ နိုင်ငံ တကာခရီးသွားဧည့်သည် ခြောက်သိန်းကျော် ဝင်ရောက် ခဲ့ပါကြောင်း၊ အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်မည် ဆိုပါက ယခင်နှစ်က တစ်သိန်းကျော်သာဝင်ရောက်ခဲ့ သည့်အတွက် ခြောက်ဆခန့် တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည် ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့် နေရာတွင် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်သွား ကြရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာ၌ ဟိုတယ် နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ပြည်တွင်း၊ ပြည်ပ ခရီးသွားများ တိုးတက်လာစေရန် မဟာဗျူဟာလုပ်ငန်း စီမံချက်များ ရေးဆွဲဆောင်ရွက်ထားသည်ကို တွေ့ရှိရပါ ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် မြန်မာနိုင်ငံကို ခရီးသည် ရောက်ရှိမှု ပိုမိုတိုးတက်များပြားလာမည် ဖြစ်သည့်အပြင် မကြာတော့သည့်ကာလတစ်ခု၌ ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ မတိုင်မီကာလ အခြေအနေကို ပြန်လည် ရောက်ရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီး မြှုပ်နှံမှုများမြှင့်တင်ပေး"** ဆိုသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်း စနစ်တကျ နှင့် ရေရှည်တည်တံ့စေရန်အတွက် အားလုံးလက်တွဲညီညီ ဆောင်ရွက်ကြပါဟု ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများ အားလုံးကို တိုက်တွန်းပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃)တွင် ပြောကြားသည့် အမှာစကား

( ၂၈ - ၉ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၃)ကို စက်တင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုတာဝန်ယူရသည့် နိုင်ငံ၏အမြင့်ဆုံးအဖွဲ့အစည်းဖြစ်**ကြောင်း၊ **ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စံနမူနာပြုလုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ ကောင်းကျိုးကို ဖော်ဆောင်၍ ယုံကြည်မှုရရှိအောင် တည်ဆောက်နိုင်ရမည်ဖြစ်**ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရည်မှန်းချက်များ၊ ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်ရကြောင်း၊ မိမိတို့အနေဖြင့်လည်း **တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ နိုင်ငံတော်ကို ယခုအစိုးရလက်ထက်သာမက နောင်အနာဂတ်ကာလအထိ တည်ဆောက်လုပ်ဆောင်ရမည့်အချက်များဖြစ်ကြောင်း၊ ယင်းကို

အကောင်အထည်ဖော်ရန် မိမိတို့အစိုးရလက်ထက်၌ ရေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို ချမှတ်ထားကြောင်း၊ ယင်းအချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက မျက်ခြည်မပြတ်ထိန်းသိမ်းအကောင်အထည်ဖော်ရန်လိုကြောင်း။

**ဦးတည်ချက်များ၊ ရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထိန်းသိမ်းကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ပြီး ပထမဦးဆုံးအကြိမ်ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအားနည်းလျက်ရှိသည်ကို မိမိအနေဖြင့်ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ သဘာဝရင်းမြစ်များ၊ လူသားအရင်းအမြစ်များ များစွာပိုင်ဆိုင်ထားရှိပြီးဖြစ်သော်လည်း ထိရောက်အကျိုးရှိစွာအသုံးချနိုင်မှုမရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိပြီး မျှော်မှန်းချက်များ၊ ဦးတည်ချက်များကို မှန်မှန်ကန်ကန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်အနည်းငယ်အတွင်း ဒေသတွင်းနိုင်ငံများအကြား၌ အလယ်အလတ်အဆင့်၌ ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များကို တာဝန်ပေးအပ်ရာတွင် ယခင်က နိုင်ငံတော်၏ တာဝန်ထမ်းဆောင်ခဲ့မှု၊ လုပ်ငန်းတာဝန်လုပ်ဆောင်မှုနှင့် ဖြတ်သန်းခဲ့မှုများကိုကြည့်၍ တပ်မတော်ပိုင်းဆိုင်ရာအရာရှိကြီးများ၊ နယ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များကို ယုံကြည်မှုဖြင့်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယုံကြည်စွာတာဝန်ပေးအပ်ရာတွင် ရာထူးနှင့် လုပ်ပိုင်ခွင့်ကိုအသုံးပြု၍ ကိုယ်ကျိုးစီးပွားပြုလုပ်မှုကြောင့် အဖွဲ့ဝင်အချို့ကိုအနားပေးခြင်း၊ ထိရောက်သည့်အရေးယူခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်း။

**တာဝန်ယူထားရသည့် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ဒေသဖွံ့ဖြိုးရေး သွားရောက်ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ပြောကြားရာတွင် **“ဒီလိုသွားခြင်းအားဖြင့် တစ်အချက် ကျွန်တော်လည်း ဒေသရဲ့အခြေအနေမှန်ကို သိချင်တယ်။ ပြည်သူလူထုရဲ့ သဘောထားအမှန်ကိုသိချင်တယ်။ စိတ်နေစိတ်ထား လိုအပ်ချက်ကို သိချင်တယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့လည်း တာဝန်ခွဲဝေပေးပြီးတော့မှ သွားကြပါလို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။ သွားတဲ့အတွက်ကြောင့်လည်း အခြေအနေကို အရင်ထက်စာရင် ပိုပြီးတော့သိလာရတာပေါ့။ ဥပမာအားဖြင့် ပညာရေးအခြေအနေတွေ၊ ဒေသရဲ့ ကျန်းမာရေးအခြေအနေတွေ၊ လိုအပ်ချက်တွေ၊ နောက် စီးပွားရေးအရ၊ ဒေသဖွံ့ဖြိုးရေးအရ လုပ်ရမယ့်ကိစ္စရပ်တွေမှာလိုအပ်ချက်တွေ၊ တစ်ဦးချင်းပြည်သူအားလုံးကနေပြီးတော့ မလွဲမသွေလုပ်နေကြတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေ၊ ကျွန်တော်တို့ ဒါတွေအဓိကတွေ့လာတဲ့ အခါကျတော့၊ အဲ့ဒီမှာ ကျွန်တော်တို့ ဘာလုပ်ဖို့သင့်သလဲဆိုတာ ဆုံးဖြတ်လို့၊ စဉ်းစားလို့ရတာပေါ့။ ဒီလိုသွားပြီး ဆောင်ရွက်နိုင်တဲ့အတွက်ကြောင့်လည်း စောစောကပြောတဲ့ မျှော်မှန်းချက်နှစ်ရပ်ကိုလည်း များစွာအထောက်အကူဖြစ်လာမှာ ဖြစ်ပါတယ်။ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အကူဖြစ်လာနိုင်တယ်။ စောစောကပြောတဲ့ မျှော်မှန်းချက်နှစ်ရပ်ထဲက နိုင်ငံရေးမျှော်မှန်းချက်ထဲမှာ ပါတီစုံလမ်းကြောင်းကို သွားနိုင်ဖို့အတွက် သူတို့ရဲ့ Concept ကိုသိလာလို့ရှိရင် ကျွန်တော်တို့ ဘယ်လိုဖြည့်ဆည်းပြီး ဆောင်ရွက်ပေးမယ်၊ ကျွန်တော်တို့အပေါ် ယုံကြည်မှုရှိလာတဲ့အတွက်ကြောင့် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်လာနိုင်မယ်ဆိုတဲ့ အထောက်အပံ့ရလာမယ်။ ဒီလိုပဲဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ နိုင်ငံရေးစနစ်ကို သွားတဲ့အချိန်မှာလည်း သူတို့ရဲ့ပြောဆိုချက်တွေ၊ လိုလားချက်တွေကို ဆောင်ရွက်ပေးခြင်းအားဖြင့် ဒီအပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ဆောင်ရွက်နိုင်မယ်ဆိုလို့ရှိရင် အထောက်အကူရလာမယ်၊ အလားတူစွာပဲ တိုင်းပြည်သာယာဝပြောရေး၊ ခုနကပြောတဲ့ စီးပွားရေးလုပ်ငန်းတွေကို သေချာဆောင်ရွက်နိုင်မယ်၊ ပညာသင်ကြားရေးကို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် သူတို့**

ရဲ့ဘဝအပေါ်မှာ ကျေနပ်မှုရှိတဲ့အတွက်ကြောင့် သူတို့အားလုံးကနေ တူညီတဲ့စိတ်သဘောထားနဲ့ တိုင်းပြည်တိုးတက်ရာ၊ တိုးတက်ကြောင်း ဝိုင်းလုပ်ကြမယ်ဆိုရင် တိုင်းပြည်သာယာဝပြောဖို့ ဖြစ်လာမှာပဲ ဖြစ်ပါတယ်။ အလုပ်ကို များများလုပ်နိုင်မယ်ဆိုရင်တော့၊ စောစောက ကျွန်တော်ပထမဦးဆုံးပြောခဲ့တဲ့ တိုင်းပြည်မှာ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေရှိတယ်၊ လူလည်းရှိတယ်၊ မြေလည်းရှိတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ထိုက်သင့်သလောက် မတိုးတက်ဘူး၊ ဒါကိုသာကျွန်တော်တို့ ကျော်လွှားနိုင်မယ်ဆိုလို့ရှိရင် တိုင်းပြည်စားရေရိက္ခာပေါများရေးဟာ အလျှံပယ်ဖြစ်လာမှာ။ အလျှံပယ်ဖြစ်လာရင် ပထမအချက်ဖြစ်တဲ့ သာယာဝပြောရေးမှာလည်း သွားပြီးတော့ အထောက်အကူရမှာဖြစ်ပါတယ်။ ဒါတွေဟာ ဆက်စပ်နေပါတယ်၊ အဲ့ဒီတော့ နစကအဖွဲ့ဝင်များ အခုလိုသွားနိုင်ခဲ့တဲ့၊ ရတဲ့အကျိုးကတော့ တန်ဖိုးမဖြတ်နိုင်ဘူးလို့ ကျွန်တော်တော့ ပြောလိုပါတယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။ ပေတံနဲ့တိုင်းလို့မရဘူး၊ ဘာလို့လဲဆို သူတို့မြင်တွေ့လာခဲ့တာက တစ်ခုလည်းမဟုတ်ဘူး၊ နှစ်ခုလည်းမဟုတ်ဘူး။ ပြောရမယ်ဆို အပြန်ပြန်အလှန်လှန်ဖြစ်နေတယ်၊ ဒါ့ကြောင့် အဲ့ဒါကိုလည်း ကျွန်တော်တို့ ကောင်စီအနေနဲ့လည်း မျက်ခြည်မပြတ်ကြည့်ပြီး ဆောင်ရွက်ဖို့ လိုသလို တိုးတက်မှုရှိအောင်လည်း ဆောင်ရွက်ဖို့လိုပါတယ်။ ကျန်တဲ့ကောင်စီဝင်များလည်း ကျွန်တော်တို့ ဒေသတွေခွဲပေးထားတာရှိပါတယ်။ ဆက်လက်သွားပြီးတော့ တတ်နိုင်သလောက် ဆောင်ရွက်ပေးသွားဖို့လိုမယ်လို့ ပြောလိုပါတယ်။" ဟုပြောကြားသည်။

ယင်းနောက် ကောင်စီဝင်များက သက်ဆိုင်ရာ ဒေသအလိုက် သွားရောက်ခဲ့မှုနှင့် ဒေသအလိုက် လိုအပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များသိရှိခဲ့ရမှုအခြေအနေများ၊ ပြည်သူများအနေဖြင့် ငြိမ်းချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်လိုသည့် စိတ်ဆန္ဒများရှိသည့် အခြေအနေများ၊ နိုင်ငံတော် အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိသော်လည်း တိုင်းရင်းသားဒေသများ၌ ပြည်ပအဖွဲ့အစည်းတချို့က ပြည်တွင်းငြိမ်းချမ်းမှုမရှိစေရေး သွေးထိုးလှုံ့ဆော် လုပ်ဆောင်လျက်ရှိသော်လည်း ပြည်တွင်းငြိမ်းချမ်းရေးအတွက် အလားအလာကောင်းများရှိသည့် အခြေအနေများ၊ ဒေသအလိုက်ထုတ်ကုန်များနှင့်ပတ်သက်၍ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာနှင့် အခြေခံအဆောက်အအုံများ လိုအပ်ချက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက လက်ရှိနိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်နှိမ်နင်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အကြမ်းဖက်သမားများထံမှ လက်နက်၊ ခဲယမ်းများသိမ်းဆည်းရမိမှုအခြေအနေများ၊

ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့်ပတ်သက်၍
လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်ကို
ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကိုအခြေခံ
သည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်၊
နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကို
ကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း
တစ်နိုင်ငံနှင့်တစ်နိုင်ငံကျင့်သုံးမှုခြင်း တူညီမှု
မရှိ၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေ
အနေနှင့် လိုက်လျောညီထွေရှိသည့်
ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်၊
မိမိတို့နိုင်ငံအနေဖြင့် အသက်ပေါင်းများစွာ
ပေးဆပ်ပြီးမှသာ လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်၊
တိုင်းပြည်၏ ပကတိအခြေအနေကို
တိုင်းရင်းသားပြည်သူများအားလုံး မှန်မှန်
ကန်ကန် သိရှိရန်လိုပြီး ဒေသတစ်ခုချင်း၊
လူမျိုးတစ်မျိုးချင်းအကျိုးထက် တိုင်းပြည်၏
အကျိုးကိုရှေးရှု၍ ဆောင်ရွက်ကြစေလို၊
စစ်မှန်သည့်ပြည်ထောင်စုတည်ဆောက်ရေးကို
ဦးတည်ဆောင်ရွက်သွားကြရန်လို။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်နေမှုများကို ဖော်ထုတ်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဆီဈေးနှုန်းများနှင့် ကုန်ဈေးနှုန်းများကိုသတ်မှတ်ဈေးနှုန်းများထက် အလွန်အကျွံမြှင့်တင် ရောင်းချနေသူများနှင့် ပါဝင်ပတ်သက်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက ကောင်စီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဒေသအလိုက်တင်ပြချက်များအပေါ် ညှိနှိုင်းဖြေရှင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအလိုက်လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိသကဲ့သို့ ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိကြောင်း၊ ယင်းတို့ကို အဆင့်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ ဒေသအလိုက်လိုအပ်ချက်၊ တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဒေသအလိုက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိခြင်းကြောင့် ဒေသတွင်းရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းသည် နိုင်ငံအတွက် အကျည်းတန်သည့် ကိစ္စရပ်တစ်ခုဖြစ်ခဲ့ကြောင်း၊ ယင်းကို သင်ခန်းစာယူရမည်ဖြစ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း မှန်ကန်မှုရှိစေရေးကြိုတင် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းများ အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင် စာရင်းကောက်ယူခဲ့ကြောင်း၊ နိုင်ငံတကာစံချိန် စံနှုန်းများအရ ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူလေ့ရှိကြောင်း၊ ထိုသို့ သန်းခေါင်စာရင်း ကောက်ယူခြင်းဖြင့် မဲစာရင်းမှန်ကန်မှုအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့်အောက်တိုဘာ ၁ ရက်မှစ၍ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်း မဟုတ်ဘဲ ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကိုကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျင့်သုံးမှုချင်းတူညီမှုမရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အသက်ပေါင်းများစွာ ပေးဆပ်ပြီးမှသာ လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်၏ပကတိအခြေအနေကို တိုင်းရင်းသားပြည်သူများ အားလုံးမှန်မှန်ကန်ကန်သိရှိရန်လိုပြီး ဒေသတစ်ခုချင်း၊ လူမျိုးတစ်မျိုးချင်းအကျိုးထက် တိုင်းပြည်၏အကျိုးကိုရှေးရှု၍ ဆောင်ရွက်ကြစေလိုကြောင်း၊ စစ်မှန်သည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုး ခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အား အနှစ်သာရရှိစွာဖြင့်

ကျင်းပပြုလုပ်ရန် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ပြောကြားရာတွင် **“လာမယ့် အောက်တိုဘာလ ၁၅ ရက်နေ့ဟာ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခြင်း၊ NCA လက်မှတ်ရေးထိုးတဲ့ (၈) နှစ်မြောက်နေ့ ဖြစ်ပါတယ်။ ဒါကိုနိုင်ငံရေးအနှစ်သာရ ရှိရှိလုပ်ဖို့ ရှိပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေလည်း လက်လှမ်းမီသလောက် အကုန်ဖိတ်ပါတယ်။ ပြည်ပနိုင်ငံတွေလည်း အခုဖိတ်နေပါပြီ။ ကျွန်တော် Personal အကုန်စာတွေရေးပြီးဖိတ်ပါတယ်။ တချို့ကလည်း တယ်လီဖုန်းနဲ့၊ တချို့ကလည်းစာနဲ့ရေးပြီး ဖိတ်တာတွေရှိတယ်။ တချို့လာနိုင်တယ်လို့လည်း ပြောတာရှိတယ်။ တချို့ကတော့သူလည်းမလာနိုင်ဘူး၊ သို့သော်လည်း အဓိကကျတဲ့ သူတို့ကိုယ်စားလှယ်တွေ လွှတ်ပေးမယ်လို့ ပြောတာတွေရှိပါတယ်။ပြည်ပနိုင်ငံတွေက ဒီလိုသဘောထားရှိလို့ရှိရင် ကျွန်တော်တို့ တိုင်းရင်းသားခေါင်းဆောင်တွေ ပိုပြီးလိုလားတဲ့စိတ်ရှိဖို့လိုတာပေါ့။ အထူးသဖြင့် လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေ အကုန်တက်နိုင်ဖို့ လိုပါတယ်။ လက်မှတ်မထိုးထားတဲ့အဖွဲ့တွေကလည်း ငြိမ်းချမ်းရေးကို လိုချင်တယ်ဆိုလို့ရှိရင် ဒီအခမ်းအနားကို လာတက်ခြင်းအားဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းလို့ရအောင် လမ်းခင်းဖို့လိုပါတယ်။ အမုန်းတရားတွေ ဖြစ်နေပြီးတော့ လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်နစ်နာဖို့ပဲရှိတယ်။ ကျွန်တော်တို့ကတော့ Moving Forward ပဲ၊ ရှေ့ကိုသွားမှာပဲ။ ရသလောက် ကျွန်တော်လုပ်သွားမှာပဲ။ ရအောင်လုပ်သွားမယ်။ အဲ့ဒီတော့ ဒီအပေါ်မှာ ကျွန်တော်တို့ အားလုံးသံသယရှင်းရှင်း၊ အာဃာတကင်းကင်းနဲ့ လုပ်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့ မျှော်မှန်းချက်လမ်းကြောင်းကတော့ ရှောရှောရှူရှူရောက်မယ်ဆိုတာကို တွေ့ပါတယ်။ ဒါလေးတွေ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ဖို့အတွက် တိုက်တွန်းလိုပါတယ်။”** ဟု ပြောကြားခဲ့သည်။

■ ■ ■

# ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/ ၂၀၂၃)တွင် ပြောကြားသည့် အမှာစကား

( ၂၉ - ၉ - ၂၀၂၃ )





ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၃)ကို စက်တင်ဘာလ ၂၉ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား သည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက Video Conferencing ဖြင့်တက်ရောက် ကြသည်။

**အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် စနစ်တကျ စီမံခန့်ခွဲပေးရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကအမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ အနေဖြင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်ကို ထိန်းသိမ်း တာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက်ပိုင်းအစိုးရအဖွဲ့ လုပ်ငန်းများအောင်မြင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊အောင်မြင်မှုများ၊ တိုးတက်မှုများ အများအပြားရှိသကဲ့သို့အချို့သောကိစ္စများ၌ အားနည်းချက်များ ရှိခဲ့သည်ကိုလည်းတွေ့ရှိရကြောင်း၊ အောင်မြင်မှု ဆိုသည်မှာလုပ်ဆောင်နိုင် စွမ်းအားအပေါ်တွင်သာ မူတည်သည်ဟု မြင်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပိုင်ဆိုင် ထားရှိပြီးဖြစ်သည့်မြေပေါ်မြေအောက် သယံဇာတများ၊ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲပြီးအကျိုးရှိစွာအသုံးချနိုင်မည်ဆို ပါက အမှန်တကယ်အကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံ (LDC)နှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် ကူညီထောက်ပံ့မှုများရရှိမည့် အခွင့် အရေးများ ရှိသော်လည်း နိုင်ငံရေးအကြောင်းပြချက် များဖြင့် ထောက်ပံ့ကူညီမှုများဖြတ်တောက်ခံရသည့် အခြေအနေ၌ ကိုယ့်အားကိုယ်ကိုး ရပ်တည်၍အောင်မြင် မှုရှိအောင် ဆောင်ရွက်ခဲ့ရကြောင်း၊ အိမ်နီးချင်းနိုင်ငံ များ၏ထောက်ပံ့ကူညီမှုကိုသာ ရရှိခဲ့ပြီးငင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေ ဖြင့် မိမိတို့ခြေထောက်ပေါ်တွင် ရပ်တည်နိုင်ရေး အဓိက ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ် လုပ်မှုစွမ်းအားများကို မြှင့်တင်ရေး ဦးစားပေးဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တာဝန်စယူကာစ အစောပိုင်း ကာလများတွင် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေး ဆောင်ရွက်ရသည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်နိုင်ခြင်းမရှိခဲ့သော်လည်း နောက်ပိုင်း

တွင် စီးပွားရေးကို ဖိဖိစီးစီးဖြင့်အားပေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရကြောင်း၊ အလုပ်လုပ်ရန် မည်သို့ပင် တိုက်တွန်းနေစေကာမူ အလုပ်လုပ်နိုင်ရန် ဖန်တီးပေးမှု၊ အားပေးကူညီပေးမှုမရှိပါက စွမ်းအားပြည့် အလုပ်လုပ်နိုင်မည်မဟုတ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အားပေးကူညီမှုများကို ဖော်ဆောင်ပေးနိုင်မှသာလျှင် အလုပ်ကို အင်ပြည့်အားပြည့်လုပ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် စီမံခန့်ခွဲသည့်သူများက စနစ်တကျဖြင့်စီမံခန့်ခွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ယုံကြည်မှုပေးထားသည့်အတိုင်း အမှန်တကယ် အလုပ်လုပ်ကြရန်နှင့် မှန်ကန်စွာစီမံခန့်ခွဲပေးနိုင်ရမည်**

လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝန်ကြီးဌာနအလိုက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများကို တာဝန်များ ခွဲဝေခန့်အပ်ခဲ့ရာတွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် ဝန်ကြီးဌာနအလိုက်၊ လုပ်ငန်းခွင်အလိုက် အတွေ့အကြုံရှိသူများ၊ လုပ်ငန်းကျွမ်းကျင်သူများ၊ တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်နိုင်မည့်သူများကို စိစစ်ရွေးချယ်၍ ယုံကြည်မှုဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကောင်းမွန်စွာ အလုပ်လုပ်နိုင်မည်၊ အကောင်အထည်ဖော်နိုင်မည်ဆိုသည့် ယုံကြည်မှုဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပိတ်ဆို့နှောင့်ယှက်မှုမျိုးစုံကြားမှ တာဝန်များထမ်းဆောင်ရာတွင် ကာလတိုအတွင်း အောင်မြင်မှုများ၊ တိုးတက်မှုများ ရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ဆက်လက်၍ ယုံကြည်မှုကို မြှင့်တင်ပြီး ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုရှိအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ချမှတ်ထားရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ချမှတ် ဆောင်ရွက်ထားရှိပြီး တိုင်းပြည်အတွင်းရှိ ပြည်သူပြည်သားအားလုံး မပူမပင် မကြောင့်မကြဖြင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ကြောင်း၊ ၎င်းအချက်နှစ်ချက်သည် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရမည့် နိုင်ငံတော်၏ မျှော်မှန်းချက်ဖြစ်ကြောင်း၊ မျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေး ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သည် မူလအခြေအနေထက် ပိုမိုတိုးတက်လာရမည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကောင်းမွန်သည့် သမိုင်းတစ်ခုကို ချန်ထားခဲ့နိုင်ရမည်ဖြစ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ဦးတည်ချက်(၉)ရပ်ကို ချမှတ်ထားရှိကြောင်း၊ ၎င်းအချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများ မျက်ခြည်မပြတ် ထိန်းသိမ်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၎င်းအချက်များကို ကြီးကြပ်ပေးရမည့်တာဝန်ရှိသည်ဖြစ်သည့်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများထုတ်ပေးခြင်း၊ ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို တိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းများ၏ ထောက်ပံ့ကြေးများတိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်၍ လုပ်ငန်းဆောင်ရွက်ရာတွင် ခွန်အားပိုမိုရရှိအောင် စီမံခန့်ခွဲဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များအနေဖြင့် အလုပ်လုပ်နိုင်ရန်၊ လုပ်ငန်းအောင်မြင်မှုရှိစေရန် စီမံခန့်ခွဲပေးရန်၊ ကူညီပေးရန်တာဝန်ရှိကြောင်း။

လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ အောင်မြင်မှုရှိ၊ မရှိစိစစ်ရန်နှင့် တိုးတက်မှုရှိအောင်ဆောင်ရွက်ရန်မှာ ဝန်ကြီးဌာနများအလိုက်ခန့်အပ်တာဝန်ပေးအပ်ထားသည့် ညွှန်ကြားရေးမှူး၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမြဲတမ်းအတွင်းဝန်များက လုပ်ဆောင်ရန်တာဝန်ရှိကြောင်း၊ အစိုးရဌာနအကြီးအကဲများ၏ တာဝန်သည် အရေးကြီးပြီး

ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်မှုကို မျက်ခြည်မပြတ်ကြည့်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများသည် ပြည်ထောင်စုဝန်ကြီးများကို အာမခံချက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်နိုင်သည့်သူများကို တာဝန်ပေးအပ်ရန်နှင့်အမှန်တကယ် အလုပ်လုပ်ရန်လိုကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ဝန်ထမ်းများနှင့်ဆွေးနွေးပွဲများပြုလုပ်၍ နိုင်ငံတော်၏မူဝါဒများကို ချပြရှင်းလင်းဆောင်ရွက်ပေးသွားမည်ဆိုပါက မိမိတို့အစိုးရ၏လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ထဲထဲဝင်ဝင်နားလည်သဘော

**နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ချမှတ်ထားရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၊ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ချမှတ်ဆောင်ရွက်ထားရှိပြီး တိုင်းပြည်အတွင်းရှိ ပြည်သူပြည်သားအားလုံး မပူမပင်မကြောင့်မကြဖြင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်၊ ၎င်းအချက်နှစ်ချက်သည် စဉ်ဆက်မပြတ်အကောင်အထည်ဖော်ရမည့် နိုင်ငံတော်၏မျှော်မှန်းချက်ဖြစ်၊ မျှော်မှန်းချက်များကိုဖြည့်ဆည်းနိုင်ရေး ရှေ့လုပ်ငန်း စဉ် (၅) ရပ်ကိုချမှတ်ဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးရည်မှန်းချက်သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်။**

ပေါက်လာပြီး အလုပ်လုပ်နိုင်သည့် စွမ်းရည်များ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် အောက်တိုဘာ ၁ ရက်တွင် စတင်ပြုလုပ်မည့် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုအတွေ့အကြုံအပေါ်မူတည်၍ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှုအား ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းအပေါ်မူတည်၍ ခိုင်မာမှန်ကန်သည့် မဲစာရင်းများရရှိလာပါကပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့စီမံဆောင်ရွက်နေမှုများကို ဝန်ကြီးဌာနများအလိုက် ရှင်းလင်းပြောကြားသွားရန်လိုကြောင်း။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်**

ယခုအခါ မိုးစပါးနှင့် မိုးသီးနှံများ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးခဲ့သည့် စပါးအပါအဝင် အခြားမိုးသီးနှံများ အားလုံးဖြစ်ထွန်းရှင်သန်အောင် ဆောင်ရွက်ရန်နှင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစွာထွက်ရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များကို MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး အဓိကထား ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ကျေးလက်နေ လူဦးရေ ၇၂ ရာခိုင်နှုန်း အနက် ၄၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးကို တိုက်ရိုက်ဆောင်ရွက်နေကြသူများဖြစ်ကြကြောင်း၊ အခြားကျေးလက်နေ ပြည်သူများမှာ စိုက်ပျိုးရေးကို အခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြသဖြင့် မိမိတို့နိုင်ငံသား အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်နေသူများဖြစ်ကြကြောင်း၊ ကမ္ဘာပေါ်တွင် Food Security အတွက် လိုအပ်ချက်များရှိကြောင်း၊ အဆိုပါ စားနပ်ရိက္ခာ လိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံများကသာဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အချို့နိုင်ငံများ၏ သီးထပ်စွမ်းအားမှာ ၃၀၀ ရာခိုင်နှုန်းခန့်ရှိသော်လည်း မိမိတို့နိုင်ငံ၏ သီးထပ်

စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်ခန့်သာရှိကြောင်း၊ ထို့ကြောင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ လူများ၏ နေ့စဉ်စားသောက်မှုများတွင် အသီးအနှံများအပြင် အသား၊ ငါးနှင့် ဥများပါဝင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါး စသည့်အသားငါးများကို အဓိကထားစားသုံးကြပြီး နိုင်ငံတစ်ဝန်း၌လည်း မွေးမြူ၍ရကြောင်း၊ မိမိတို့နိုင်ငံတွင် မွေးမြူရေးနှင့်ပတ်သက်၍ စနစ်တကျမွေးမြူခြင်းမရှိသောကြောင့် လိုအပ်ချက်များရှိနေကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ မွေးမြူမည်ဆိုပါက ပြည်တွင်း၌ အသား၊ ငါးနှင့် ဥများကို ဖူလုံစွာဖြင့် စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ် ဆောင်ရွက်နေရန်လိုကြောင်း။

**ကုန်ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ခြင်းဖြင့် တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေနိုင်**

မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သို့သော် ဝန်ကြီးဌာနများ၌စက်ရုံများရှိပြီး ထုတ်လုပ်နိုင်စွမ်းများရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် စက်ရုံများ ပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စက်ရုံများအတွက် လိုအပ်သည့် ပြင်ဆင်မှုများနှင့် အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်ရုံများလည်ပတ်နေခြင်းဖြင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းများကလည်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွက်လိုအပ်သည့် ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနေရန်လိုကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံလုပ်ငန်းများ၊ MSMEလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဝန်ကြီးဌာနများအလိုက်ဆောင်ရွက်နေသည့် စက်ရုံအလုပ်ရုံများစွမ်းအားပြည့်လည်ပတ်နိုင်မည်ဆိုပါကတိုင်းပြည်အတွက်အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ၏အလုပ်လုပ်နိုင်စွမ်းမြှင့်တင်နိုင်ရေး အမြဲအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ကုန်ထုတ်စွမ်းအားစုများ၌ ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပြီးထောက်ပံ့မှုများ၊ သက်သာချောင်ချိရေးကိစ္စများ၊စရိတ်များကိုတိုးမြှင့်ပေးခဲ့ကြောင်း၊တစ်ဖက်တွင်လည်း ကုန်ဈေးနှုန်းများကျဆင်းစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထပ်မံ၍နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပိုမိုပေးအပ်နိုင်ရေးစဉ်းစားဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်တွင် ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများ၌ အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံသားများမှ ပြန်လည်ပေးပို့သည့် ငွေကြေးများသည်လည်း နိုင်ငံ၏ ငွေကြေးလည်ပတ်မှုနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေကြောင်း၊ ထို့ကြောင့် ၎င်းတို့အတွက် ပိုမိုအကျိုးခံစားခွင့် (Incentive) များ ရရှိရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဘဏ္ဍာငွေသုံးစွဲမှုများနှင့်ပတ်သက်၍ မလိုလားအပ်သည့်နေရာများတွင် အပိုငွေများကုန်ကျမှုမရှိအောင် ချွေတာသုံးစွဲခြင်း ဖြင့် ပိုလျှံမှုများကို အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိစေရေး အပြန်ပြန်အလှန်လှန် စိစစ်၍ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူလူထုအကျိုးကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ပြခြင်းဖြင့်အလုပ်ဖြင့်သက်သေပြကြရန် တိုက်တွန်းမှာကြားခဲ့သည်။

■ ■ ■

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခဲ့သည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးဦးဆောင်သည့်အဖွဲ့အား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၃၀ - ၉ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးဦးဆောင်သည့်အဖွဲ့အား စက်တင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့်အတူ ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟိုကော်မတီဝင်ဟောင်းဖြစ်သူ စောရောဂျာခင်၊ ကော့ကရိတ်ခရိုင်ဥက္ကဋ္ဌ ပဒိုရွှေမောင်းတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းသည် ငြိမ်းချမ်းရေးအတွက် အားတစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တပ်မတော်၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ရမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ပြီး NCA သဘောတူညီချက်များကို ချိုးဖောက်ခဲ့သဖြင့် NCA စာချုပ်ပျက်ပြယ်ပြီဟု အခြေအမြစ်မရှိ ပြောကြားမှုများ ပြုလုပ်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့်သာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့်အညီ နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်ခဲ့ရခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် NCA လမ်း

ကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်၍ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရေး တပ်မတော်အနေဖြင့် အမြဲဖိတ်ခေါ်လမ်းဖွင့်ထားပြီး ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်ရှိ ဒေသခံပြည်သူများအနေဖြင့်လည်း အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်လိုသည်ဟု သိရှိရပါကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိပါက ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပြီး ဒေသတစ်ခုချင်းအလိုက် တည်ငြိမ်အေးချမ်းမှုရှိခြင်းမှသည် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းလာပြီး လူမှုစီးပွားဘဝများလည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ စောမူတူးစေးဖိုးအနေဖြင့် NCA လက်မှတ်ရေးထိုးခဲ့သည့် ကရင်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်ပြီး ကရင်ပြည်နယ်ရှိပြည်သူ၊ ပြည်သားများ၏ ငြိမ်းချမ်းရေးအတွက် တာဝန်ရှိနေဆဲပင်ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ၊ ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားပေးပါရန် ဖိတ်ခေါ်ပါကြောင်း ဦးစွာပြောကြားသည်။

ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့်အဖွဲ့ဝင်များက အမှန်တကယ် ငြိမ်းချမ်းရေးကိုလိုလားပါက အမုန်းတရားကို အခြေခံ၍ ဆောင်ရွက်၍ရမည်မဟုတ်ကြောင်း၊ မိမိအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်(NCA) လက်မှတ်ရေးထိုးစဉ်ကတည်းကပင် ယခုအချိန်အထိ ငြိမ်းချမ်းရေးရရှိရေးကိုသာ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU)ကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ မှန်မှန်ကန်ကန်ရောက်ရှိလာစေရေး စိတ်ရှည်စွာဖြင့် စောင့်ဆိုင်းပေးနေမှုအပေါ်တွင်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ NCA စာချုပ်ချုပ်ဆိုချိန်တွင်လည်း အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမှ သံတမန်များ၊ ပြည်တွင်း အသိသက်သေများ ရှေ့မှောက်၌ လက်မှတ်ရေးထိုးထားခြင်းဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိ တည်ရှိနေမည့် ခိုင်မာသည့် တရားဝင်စာချုပ်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် NCA အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက် သွားရမည်ဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း၊ NCA နှင့်ပတ်သက်၍ အထောက်အထားမဲ့၊ အဓိပ္ပာယ်မဲ့စွာ လက်လွတ်စပယ် ပြောကြားမှုများကို ရနိုင်မည်မဟုတ်ပါကြောင်း၊ မိမိအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံပြီး တည်ငြိမ်အေးချမ်းမှုကို လိုလားပါကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်လမ်းစဉ်ကို မကျင့်သုံးဘဲ တွေ့ဆုံညှိနှိုင်းဆွေးနွေးရေးကိုသာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊

**NCA စာချုပ်သည် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ချုပ်ဆိုသည့် အမြင့်ဆုံးစာချုပ်တစ်ခုပင်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတော်တို့ ချုပ်ဆိုထားသည့် ကတိကဝတ်ပင်ဖြစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း နိုင်ငံတော်နှင့်နိုင်ငံသားတို့အကြား အာမခံချက်ပေးထားသည့် ကတိကဝတ်နှင့် သဘောတူညီချက်တစ်ခုပင်ဖြစ်၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူလူထု၏အစိတ်အပိုင်း တစ်ခုဖြစ်၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်၊ ပြည်သူလူထု၏ဆန္ဒဖြစ်သော NCA စာချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားရမည်ဖြစ်၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် NCA နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်။**

ငြိမ်းချမ်းရေးကို ပျက်ယွင်းစေမည့် အပြုအမူအပြောအဆို၊ အလုပ်အကိုင်များကို လုံးဝလက်သင့်ခံ၍ ရနိုင်မည်မဟုတ်ပါကြောင်း၊ လက်သင့်ခံ၍သဘောတူညီချက်များဖြင့် ချုပ်ဆိုထားသည့် NCAလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းသွားရမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုတွေ့ဆုံမှုသည် ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငြိမ်းချမ်းမှုရရှိရေး၏ ခြေလှမ်းသစ်တစ်ခုကို စတင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ NCA စာချုပ်သည် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များချုပ်ဆိုသည့် အမြင့်ဆုံး စာချုပ်တစ်ခုပင်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံတော်တို့ ချုပ်ဆိုထားသည့် ကတိကဝတ်ပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း နိုင်ငံတော်နှင့် နိုင်ငံသားတို့အကြား အာမခံချက်ပေးထားသည့် ကတိကဝတ်နှင့် သဘောတူညီချက်တစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူလူထု၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်၊ ပြည်သူလူထု၏ ဆန္ဒဖြစ်သော NCA စာချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် NCA နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(EAO)များအားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးရန် အမြဲတံခါးဖွင့်ကြိုဆိုလျက် ရှိပါကြောင်း၊ မိမိတို့ထံသို့ လာရောက်တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်သကဲ့သို့ တပ်မတော်မှ ငြိမ်းချမ်းရေးဆွေးနွေးမှုအဖွဲ့များကို စေလွှတ်ဆွေးနွေးပေးစေလိုပါကလည်း တိုင်းစစ်ဌာနချုပ်များတွင် ဆွေးနွေးနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကရင်အမျိုးသားအစည်းအရုံး(KNU) သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(EAO) ဖြစ်ပြီး PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူလူထုတို့၏အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေရန်နှင့်နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့များဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ဝတ်၊ နေ ရိက္ခာ ဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထု၏ ဆန္ဒဖြစ်သော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကို ကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တိုင်းရင်းသားများနှင့် ဒေသကို ကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များ အများအပြား ရွေးကောက်ခံစင်မြင့်သို့ရောက်ရှိလာရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုးအနေဖြင့် NCA စာချုပ်ကို ကိုယ်တိုင်လက်မှတ်ရေးထိုးပါဝင်ခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်ပြီး မကြာမီ ကျရောက်တော့မည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုမှု ၈ နှစ် မြောက် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်နိုင်ရန် ဖိတ်ကြားပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-10-9